# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက် ၊ တနင်္လာနေ့ ၊ (14-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၉၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၃၀)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်း ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ရှစ်ခုတို့ ရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့




**(၃၀)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၁၂ ခု၊ ကြေးတံဆိပ် ရှစ်ခုတို့ရရှိခဲ့ပြီး နိုင်ငံအလိုက် စတုတ္ထအဆင့်တွင် ရပ်တည်နိုင်ခဲ့သည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းကို တွေ့ရစဉ်။**

**နေပြည်တော် နိုဝင်ဘာ ၁၃**

(၃၀)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ(**AARM-30**)ကို နိုဝင်ဘာ ၄ ရက်မှ ၁၁ ရက်ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းမှလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းတွင် အသင်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးသိန်းစိုးထွန်း ဦးဆောင်၍ အုပ်ချုပ်သူ၊ နည်းပြများနှင့် သေနတ်ပစ်အားကစားသမား စုစုပေါင်း ၄၂ ဦးတို့ပါဝင်ခဲ့ကြပြီး ပစ္စတိုအမျိုးသားအသင်း၊ ပစ္စတိုအမျိုးသမီးအသင်း၊ ကာဘိုင်အမျိုးသားအသင်း၊ ရိုင်ဖယ်အမျိုးသားအသင်းနှင့် စက်သေနတ်အမျိုးသားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြရာ

**စာမျက်နှာ ၁၇ ကော်လံ ၁ ➾**

## (၃၀)ကြိမ်မြောက် အာဆီယံနိုင်ငံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ နိုင်ငံအလိုက်ရရှိသည့် ဆုဖလား/တံဆိပ်နှင့် အဆင့်သတ်မှတ်ချက်ဇယား

| စဉ် | နိုင်ငံ | ဆုဖလား | အမှတ်ပေးပွဲစဉ် | | | ထိလဲပြားပွဲစဉ် | | | စုစုပေါင်း | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | ရွှေ | ငွေ | ကြေး | |
| ၁ | ဗီယက်နမ် | ၈ | ၁၁ | ၉ | ၆ | ၆ | ၆ | ၄ | ၁၇ | ၁၅ | ၁၀ | I |
| ၂ | အင်ဒိုနီးရှား | ၂ | ၇ | ၇ | ၄ | ၆ | ၆ | ၄ | ၁၃ | ၁၃ | ၈ | II |
| ၃ | ဖိလစ်ပိုင် | ၂ | ၆ | ၇ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၃ | ၈ | III |
| ၄ | မြန်မာ | ၁ | ၆ | ၆ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၂ | ၈ | IV |
| ၅ | လာအို | ၀ | ၆ | ၆ | ၄ | ၆ | ၆ | ၄ | ၁၂ | ၁၂ | ၈ | V |
| ၆ | ထိုင်း | ၂ | ၄ | ၅ | ၈ | | | ၂ | ၄ | ၅ | ၁၀ | VI |
| ၇ | စင်ကာပူ | ၀ | ၄ | ၄ | ၈ | | | ၂ | ၄ | ၄ | ၁၀ | VII |
| ၈ | မလေးရှား | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | VIII |
| ၉ | ဘရူနိုင်း | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | IX |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၄ | ၄ | ၆ | | | ၂ | ၄ | ၄ | ၈ | X |




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုပါ၏

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ပင်ဖြစ်သည်။ ကာကွယ်ရေးဆိုရာတွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်တွင်း၊ ပြည်ပ ရန်စွယ်မှန်သမျှကို ကာကွယ်စောင့်ရှောက်ရေးတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကိုလည်း ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သည်။

တပ်မတော်သားများအနေဖြင့် နိုင်ငံတော်ကို စောင့်ရှောက်ပေးနေကြသကဲ့သို့ အားကစားပြိုင်ပွဲများတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်နေကြသည်။ အားကစားဟူသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုကို ပေါ်လွင်စေနိုင်သည်။ တပ်မတော်သားများအနေဖြင့် အားကစားပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်ကို အရင်းခံသည့် အားကစားစိတ်ဓာတ်နှင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ တိုင်းပြည်ချစ်စိတ်ရှိမှ တိုင်းပြည်ကို ကာကွယ်လိုစိတ်များ ပေါ်ပေါက်လာမည်ဖြစ်သည်။ ထိုကဲ့သို့ တိုင်းပြည်ချစ်စိတ်၊ တိုင်းပြည်ကာကွယ်လိုစိတ်အပေါ် အရင်းခံ၍ အားကစားပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရရှိအောင် စွမ်းဆောင်ကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားခဲ့ရသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကြီးကို ယခုနှစ်တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကြီးသည် မြန်မာ့လက်ရွေးစင်အားကစားသမားအဖြစ် ရောက်ရှိပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်ပေါ်စေရန်အပြင် တပ်မတော်အတွက်သာမက တိုင်းပြည်အတွက်ပါ အကျိုးရလဒ်ကောင်းများ ရရှိစေသောပြိုင်ပွဲကြီးတစ်ခုပင်ဖြစ်ပေသည်။

တစ်ချိန်တစ်ခါက နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သား အားကစားသမားများပေါ်ထွက်ခဲ့သကဲ့သို့ မျက်မှောက်ကာလတွင်လည်း ပေါ်ထွက်နေဆဲဖြစ်သည်ကို တွေ့ရသည်။ အနီးစပ်ဆုံးအနေဖြင့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် တပ်မတော်သားများက နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်များ ဆွတ်ခူးပေးနိုင်ခဲ့သည်မှာ ယခင်ကျင်းပခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၏ အသီးအပွင့်များပင်ဖြစ်သည်။

တပ်မတော်အနေဖြင့် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့၊ တပ်မတော်အားကစားနှင့် ကာယပညာကော်မတီများဖွဲ့စည်းထားရှိပြီး တပ်မတော်အားကစားအဆင့်အတန်းတိုးတက်မြင့်မားလာအောင် စဉ်ဆက်မပြတ်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်ကို ယခုကျင်းပမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲအပြင် တိုင်းစစ်ဌာနချုပ်များအလိုက်ယှဉ်ပြိုင်နေကြသည့် ပြိုင်ပွဲများက သက်သေထူလျက်ရှိသည်။ ထို့ပြင် တပ်မတော်အတွင်း အားကစားဝါသနာပါသည့် ရွက်ပုန်းသီးဝါသနာရှင်များကို စနစ်တကျ မြေတောင်မြှောက်ပြီး နိုင်ငံတော်အတွက် အားထားရသည့် အားကစားသမားကောင်းများဖြစ်စေရေး ပံ့ပိုးပေးလျက်ရှိပေသည်။

သို့ဖြစ်ရာ တပ်မတော်သားများအနေဖြင့် ယခုကျင်းပမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကြီးတွင် မိမိတို့ပါဝင်ယှဉ်ပြိုင်ရမည့် အားကစားကဏ္ဍများအလိုက် အစွမ်းကုန်ယှဉ်ပြိုင်ကြပြီး တပ်မတော်လက်ရွေးစင်မှတစ်ဆင့် နိုင်ငံလက်ရွေးစင်ဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကြီးကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၉၇၂၈၂ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"ဒီနေ့ဟာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ဖြစ်တာကြောင့် မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ဖူးမြော်သူတွေနဲ့ မန္တလေးတောင်တော်ပေါ်မှာ စည်ကားနေပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက်ဖူးမြော်သူတွေ အနေနဲ့ မန္တလေးတောင်တော်ရဲ့ ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်။ ဘုရားဖူးပြည်သူတွေ နေ့စဉ်လာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၁၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၉၅၁၁၂ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မှခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၅၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်စရစ်သီးသန့်တင်ပို့သည့်သင်္ဘော များပြားလာ

**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေး ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ နိုဝင်ဘာလ ဒုတိယပတ်မှစ၍ ဆောက်လုပ်ရေးလုပ်ငန်းသုံးကျောက်စရစ်သီးသန့်တင်ပို့သည့်သင်္ဘော များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရေဝတီမြစ်အတွင်း ရေနည်းချိန်ကာလသို့ရောက်ရှိလာပြီဖြစ်သော်လည်း ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောများ သွားလာရာတွင် ရေကြောင်းကျပ်တည်းမှုမရှိဘဲ အဆင်ပြေစွာ သွားလာလျက်ရှိကြောင်း၊ ရွှေကြက်ယက်ဆိပ်ကမ်းတွင် ကုန်စည်ရရှိမှုလည်း များပြားလာမှုကြောင့် နိုဝင်ဘာလ ဒုတိယပတ်မှစ၍ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘော ယခင်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။

"အခုလတ်တလော ရွှေကြက်ယက်ဆိပ်ကမ်းကနေ ရန်ကုန်ဆိပ်ကမ်းကို တင်ပို့မဲ့ကုန်စည်ဖြစ်တဲ့ ကျောက်စရစ်တွေ တော်တော်လေး များလာတယ်။ အခုက ကုန်ကြမ်းရရှိမှုတော်တော်လေး များလာတာကြောင့် ကုန်တင်သင်္ဘောအစီးရေကလဲ အရင်ကထက်ပိုပြီး များလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ရွှေကြက်ယက်ဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောမှာ နိုဝင်ဘာလ ပထမပတ်က တစ်ရက်လျှင် သင်္ဘော ၁၅ စီးသာရှိခဲ့သော်လည်း ယခုအခါ ကုန်စည်ရရှိမှုများပြားလာခြင်းကြောင့် ကျောက်စရစ်သီးသန့်တင်ပို့သည့် သင်္ဘောမှာ တစ်ရက်လျှင် အစီးရေ ၅၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ပေါက်ဈေးရှိနေ

**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေး ဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ ဒုတိယပတ်မှစ၍ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ ဆက်တိုက်အဝယ်လိုက်လျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကို ဝယ်ယူမှုများပြားသဖြင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ အခုလက်ရှိ မြင်းခြံဘက်ကနေဝင်လာတဲ့ ကြက်သွန်နီတွေက မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ပြီးရနေတယ်" ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နိုဝင်ဘာလ ပထမပတ်က မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၀၀ ရှိပြီး ဈေးကောင်း ရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာတော့ အခုလတ်တလော မြင်းခြံဘက်က ထွက်ရှိတဲ့ ကြက်သွန်နီက ဈေးအကောင်းဆုံး အနေအထားမှာ ရှိနေတယ်။ မုံရွာဘက်ကထွက်ရှိတဲ့ ကြက်သွန်နီကတော့ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ် ပုံမှန်အတိုင်းပဲ ဖြစ်နေပါတယ်"ဟု အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်သည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဆက်ဆံမှုနှင့် အောင်မြင်ရေး

ချစ်နိုင်(စိတ်ပညာ)

အမေရိကန်ဒေါ်လာ သန်းထောင်ပေါင်းများစွာ ကြွယ်ဝချမ်းသာတဲ့ အသက် ၇၃ နှစ်အရွယ်ရှိ ရေးဒါလီယို(Ray Dalio)ဆိုတဲ့ ဘီလီယံနာက စာအုပ်သုံးအုပ် ရေးသားထုတ်ဝေတယ်။ အောင်မြင်ရေးအတွက် အခြေခံသဘောတရားများဆိုတဲ့ နောက်ဆုံးစာအုပ် အပါအဝင် သူရေးသမျှ စောင်ရေငါးသန်းကျော် ရောင်းချရတယ်။ နယူးယောက်တိုင်းသတင်းစာက သူ့စာအုပ်တွေကို အရောင်းရဆုံးစာအုပ်စာရင်းမှာ လပေါင်းများစွာ ထိပ်ဆုံးက ဖော်ပြခဲ့ရတယ်။ သူဟာ ငွေကြေးချမ်းသာကြွယ်ဝရုံသာမက နာမည်ဂုဏ်သတင်းလည်း ကျော်ကြားထင်ရှားတယ်။ နာမည်ကျော်ရုပ်မြင်သံကြားတွေ့ဆုံမေးမြန်းသူ လေးယောက်၊ ငါးယောက်က သူနဲ့တွေ့ဆုံပြီး သူရေးခဲ့တဲ့ စာအုပ်တွေအကြောင်း ရှုထောင့်အသီးသီးက အမျိုးမျိုးအဖုံဖုံ မေးမြန်းဆွေးနွေးကြတယ်။ စာရေးသူကြည့်ဖူးပါတယ်။

အသက် ၇၀ ကျော်အရွယ် ရေးဒါလီယိုဆိုတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ကောင်းနှလုံးကောင်းပြည့်ဝတဲ့ အင်္ဂါရုပ်ရည်လက္ခဏာနဲ့ ပြည့်စုံသလို ရွှင်ရွှင်လန်းလန်း၊ ချိုချိုသာသာ၊ ချေချေငံငံ ပြေကြားပြောဆိုတတ်တယ်။ လေးစားစရာ၊ ချစ်ခင်စရာကောင်းတဲ့၊ ကိုယ်ရည်ကိုယ်သွေးရှိတဲ့ ပုဂ္ဂိုလ်ပါပဲ။ ဒါကြောင့် သူရေးတာ အချို့ကို စာဖတ်သူတွေ သိမြင်နားလည်ရရင် ကောင်းကျိုးရစေမှာပဲလို့ ယုံကြည်တဲ့အတွက် သူ့ရဲ့ရေးသားချက်၊ ဟောပြောချက် ရုပ်ပုံလေးတွေနဲ့ သရုပ်ဖော်တင်ပြချက် အပိုင်း ရှစ်ပိုင်းကို လိုရင်းတိုရှင်း ကောက်နုတ် အနှစ်ချုပ်ပြီး ဝေငှတင်ပြရပါတယ်။

သူက အမေရိကန်နိုင်ငံသား ဘီလီယံနာသန်းကြွယ်သူဌေးတစ်ယောက်ပါ။ တရုတ်နိုင်ငံမှာလည်း သူ့ရဲ့ ငွေကြေးမြောက်မြားစွာ ရင်းနှီးမြှုပ်နှံထားသူပါ။ မကြာမတင်မှာ ကမ္ဘာ့ရဲ့နိုင်ငံများ ထိပ်ပိုင်းဩဇာအာဏာကြီးမားသူနိုင်ငံ အမေရိကန်က နိမ့်ကျကျန်ရစ်ခဲ့ပြီး တရုတ်နဲ့ ရုရှား၊ အိန္ဒိယ အစရှိတဲ့ အာရှတိုက်မှ နိုင်ငံတွေက ဩဇာမြင့်မားလာတဲ့ အပြောင်းအလဲဖြစ်လာမယ်လို့ အကျိုးနဲ့အကြောင်းနဲ့၊ အချက်နဲ့အလက်နဲ့ ပွင့်ပွင့်လင်းလင်း ဟောပြောရေးသားသူဖြစ်ပါတယ်။ အမေရိကန်နိုင်ငံသားဆိုတာထက် ကမ္ဘာ့နိုင်ငံသားဆိုတဲ့ ကျယ်ပြန့်တဲ့ အမြင်မျိုးရှိပုံရတယ်။ ကိုလံဘီယာ တက္ကသိုလ်က စီးပွားရေးပါမောက္ခ ဂျက်ဖရီဆာ့ချ် (Jefery Search)၊ အမေရိကန်ပါမောက္ခ ဂျွန်မက်ရှိုင်းယာမား(John Macshirema)၊ ဗြိတိသျှသတင်းစာဆရာ အယ်ဒီတာ မာတင်ဂျက်ကက်စ်(Martin Jacques) စတဲ့ ပညာရှင် ပညာရှိတွေလိုပဲ သမာသမတ်ကျတဲ့ အပြောအဆိုမျိုးတွေ တွေ့မြင်ရတယ်။ အစွဲမများဘူး။ အယူမသန်ဘူး။ ငါ့နိုင်ငံမှ ဘာမဆိုလုပ်တာဟုသမျှ အမှန်လို့ တရားသေသဘောထားမရှိဘူး။

မှန်တာဆိုပြောရဲတယ်၊ ရေးရဲတယ်ဆိုတာမခေဘူး။

ဒါကြောင့်လည်း ရေးဒါလီယိုက အောင်မြင်ရေးအခြေခံဥပဒေသများစာအုပ်အပိုင်း(၇)မှာ စိတ်ကို

❖ တောကြီးမျက်မည်းထဲမှာ မျက်စိလည်လမ်းပျောက်နေတဲ့အခါ လမ်းမှန်ကိုသိစေတာ မိမိရဲ့ပတ်ဝန်းကျင်က လူတွေရဲ့ အကြံဉာဏ်ကို ခံယူလို့ပဲ။ လူတွေမှာ မတူတဲ့ အတွေးကိုယ်စီ၊ အယူကိုယ်စီ၊ အမြင်ကိုယ်စီ၊ ကျွမ်းကျင်မှုကိုယ်စီ၊ အကျင့်ကိုယ်စီ၊ စရိုက်ကိုယ်စီ၊ ဝါသနာကိုယ်စီ ရှိတတ်ကြတယ်။ သူတို့ခေါင်းထဲမှာ အဖိုးတန်စိတ်ကူးတွေ၊ အကြံဉာဏ်တွေရှိကြတယ်။ ကိုယ့်ဘေးကလူတွေဟာ အကြံကောင်း၊ ဉာဏ်ကောင်း ရှိတဲ့ လူတော်တွေဖြစ်ပါစေ။ အသုံးမချတတ်ရင် အသုံးမကျဘူးပေါ့။ လူအမျိုးမျိုးနဲ့ လက်တွဲပြီး အလုပ်လုပ်တတ်ရမှာပဲ။ လူတိုင်း လူတိုင်းက တစ်ဘဝစီ၊ သီးခြားစီ မွေးဖွားလာကြသူတွေပဲ။ ❖

အစွမ်းကုန်ဖွင့်ထားရမယ်(Be Radically Open Minded) လို့ပြောတာ။ အမေရိကန်သူဌေးအချို့ကတော့ အောင်မြင်ဖို့ဆိုရင် ဒီအချက်သုံးချက်ပြည့်စုံရမယ်ဆိုပါတယ်။

၁။ ယုံကြည်ရမှု(Trust)

၂။ အလုပ်၌ နှစ်မြှုပ်ထားခြင်း(Commitment)

၃။ မေတ္တာတရား(Love)

ရေးဒါလီယိုကတော့ ဆောင်ရွက်စဉ်(Procedure) သဘော အောက်ပါအချက်ငါးချက်ကို တိုက်တွန်းပါတယ်။

**၁။ ပန်းတိုင်များ(Goals)**

**၂။ အတားအဆီးများ(Problems)**

**၃။ မှန်းဆချက်(Diagnosis)**

**၄။ ဒီဇိုင်း(Design)**

**၅။ လက်တွေ့လုပ်ပါ(Do it)**

**(GPDDD လို့ အတိုကောက်ကျက်မှတ်ပါ။)**

အောင်မြင်မှုဆိုတာ လူ့ဘဝမှာတော့ အသင်းအပင်းအစုအဖွဲ့နဲ့သာ ပူးပေါင်းဆောင်ရွက်မှုနဲ့ လုပ်ဆောင်ပြီးမြောက်နိုင်တာ တစ်ယောက်ချင်းရဲ့ စွမ်းရည်ထက်မြက်မှု သူ့နေရာနဲ့သူ ထူးချွန်မှုလိုသလို အများနဲ့ စုပေါင်းအကောင်အထည်ဖော်ရမှာမို့ စည်းလုံးညီညွတ်စွာ ပါဝင်လက်တွဲလုပ်ဆောင်တတ်ဖို့လည်း လိုအပ်လှပါတယ်။ သူတစ်ပါးနဲ့ အဆင်ပြေပြေဆက်ဆံတတ်ရမယ်။

'ငါ့မြင်း ငါစိုင်း စစ်ကိုင်းရောက်ရောက်'ဆိုတဲ့ လူမျိုး၊ 'ငါ့လှေ ငါထိုး ပဲခူးဆိုက်ဆိုက်'ဆိုတဲ့ ခေါင်းမာ၊ ပြောရဆိုရခက်ခဲတတ်သူတွေဟာ တော်ချင်တော်မယ်။ မအောင်မြင်ကြဘူး။ ကျရှုံးတာပဲ။ ဘဝခရီးမှာ ရန်သူတွေကို မိတ်ဆွေဖြစ်အောင် လုပ်နိုင်တဲ့သူ၊ မိတ်ဆွေထဲက ရန်သူဘဝကျရောက်မသွားအောင် စည်းရုံးဆွဲဆောင်ထားနိုင်တဲ့လူ၊ ဒီလိုပုဂ္ဂိုလ်တွေက တိုးတက်အောင်မြင်ကြစမြဲပါပဲ။

**အစွမ်းကုန်အမြင်ကျယ်ကျယ်ရှုမြင်သုံးသပ်ပါ။**

ငါ့နေရာမှာ သူရှိနေရင် ဘယ်လိုပြောမှာလဲ။ လုပ်မှာလဲ။ ဆက်ဆံရေးမှာ ကိုယ်ချင်းစာတရားဟာ အရေးပါတယ်။ လူတွေမှာရှိကြတဲ့ အားသာချက်၊ အားနည်းချက်တွေကိုမြင်အောင် အဘက်ဘက်က ကြည့်တတ်ရတယ်။ အသုံးချတတ်ရမယ်။

တောကြီးမျက်မည်းထဲမှာ မျက်စိလည်လမ်းပျောက်နေတဲ့အခါ လမ်းမှန်ကိုသိစေတာ မိမိရဲ့ပတ်ဝန်းကျင်က လူတွေရဲ့ အကြံဉာဏ်ကို ခံယူလို့ပဲ။ လူတွေမှာ မတူတဲ့ အတွေးကိုယ်စီ၊ အယူကိုယ်စီ၊ အမြင်ကိုယ်စီ၊ ကျွမ်းကျင်မှုကိုယ်စီ၊ အကျင့်ကိုယ်စီ၊ စရိုက်ကိုယ်စီ၊ ဝါသနာကိုယ်စီရှိတတ်ကြတယ်။ သူတို့ခေါင်းထဲမှာ အဖိုးတန်စိတ်ကူးတွေ၊ အကြံဉာဏ်တွေ ရှိကြတယ်။ ကိုယ့်ဘေးကလူတွေဟာ အကြံကောင်း၊ ဉာဏ်ကောင်း ရှိတဲ့ လူတော်တွေဖြစ်ပါစေ။ အသုံးမချတတ်ရင် အသုံးမကျဘူးပေါ့။

လူအမျိုးမျိုးနဲ့ လက်တွဲပြီး အလုပ်လုပ်တတ်ရမှာပဲ။ လူတိုင်း လူတိုင်းက တစ်ဘဝစီ၊ သီးခြားစီ မွေးဖွားလာကြသူတွေပဲ။ တစ်အုပ်စုတည်း အတူတကွလက်တွဲ အလုပ်လုပ်နေကြပေမယ့် သူတို့ရဲ့ သီးခြားဝိသေသလက္ခဏာတွေအရ မတူကြတာကို နားလည်ပေးရတယ်။ အစွမ်းကုန်ရှုန်းကန်ကြရမယ်။

လူတွေဟာလည်း စက်ယန္တရားလို၊ စက်ရုပ်လို သက်တမ်းတစ်ခုမကုန်ခင် လည်ပတ်လှုပ်ရှားနေတာပါ။ ဘယ်သူမှမမြဲဘူး။ သက်တမ်းကုန်ရင် ချုပ်ငြိမ်းပြီးဆုံးသွားတာပါပဲ။ (ရေးဒါလီယိုက ကမ္ဘာ့ဒ္ဓာန်းဘာဝနာ နေ့စဉ်ကျင့်ကြံသူမို့ ဗုဒ္ဓဘာသာအယူအဆတော်တော်များများ သူ့စကား၊ သူ့အတွေးအခေါ်ထဲမှာ တွေ့မြင်ရပါတယ်။)

ဘဝခရီးလမ်းမှာ တစ်ကိုယ်တည်း မြစ်တစ်စင်းထဲမှာ လှေတစ်စင်း၊ တက်တစ်ချောင်းနဲ့ လှော်ခဲ့ရတာလည်း ရှိခဲ့တယ်။ တစ်ယောက်တည်း မတ်စောက်တဲ့တောင်တွေကို တက်ခဲ့ရတယ်။ တောကြီးကန္တာရ စိမ့်ကြီးမြိုင်ကြီးတောနက်ထဲလည်း ဖြတ်သန်းရဖူးတယ်။ အသူတစ်ရာတွင်းနက်ကြီးလည်း ကျဖူးတယ်။ ကိုယ်လိုပဲ သူတစ်ပါးလည်း ဘဝဖြတ်သန်းမှုအမျိုးမျိုးရှိခဲ့ဖူးမှာပါ။ ဆင်းရဲဒုက္ခလည်း ခံခဲ့ဖူးမှာပဲ။

ကိုယ်တို့မျှော်လင့်ချက်က အကောင်းဆုံးရှုန်းကန်ကြိုးစားဖို့ပါ။ ဆန္ဒကိုယ်စီ ကွဲပြားတာရှိကြသလို တူညီတဲ့ ဆန္ဒတွေလည်း ရှိကြတာပါပဲ။ စုပေါင်းညီညာတဲ့ ပူးပေါင်းဆောင်ရွက်မှုကမှ အောင်ပွဲရဖို့ သေချာတဲ့ စွမ်းအား စုပေါင်းစွမ်းအား(Synergy)ကို ဖော်ထုတ်နိုင်ပါတယ်။ အချင်းချင်းဆက်ဆံရေး ကောင်းမွန်ချစ်ခင်ပြီး ပျော်ရွှင်တဲ့ အလုပ်ခွင်ဖြစ်ရပါမယ်။

## စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၂၂၂၅ ဧက စိုက်ပျိုးပြီးစီး



**အင်းတော် နိဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၂၂၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အင်းတော်မြို့နယ်၌ နေကြာဧက ၁၁၅၆၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာ ၂၂၂၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းကာလမှာ အင်းတော်မြို့နယ်အတွင်း နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ အခုလက်ရှိမှာ နေကြာဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ကျွန်တော်တို့ဆီမှာ မိုးနေကြာကို မစိုက်ကြပါဘူး။ ဆောင်းနေကြာကိုပဲ အဓိကထားစိုက်ကြပါတယ်။ ဒီနှစ်ကစပြီး မိုးနေကြာစိုက်ကြတာပါ။ နေကြာစိုက်ပျိုးမှု တိုးတက်လာပါတယ်။ ဒီနှစ်ဆိုရင် ရာသီဥတုကောင်းမွန်တော့ တိုးစိုက်နိုင်မဲ့ အနေအထားမှာရှိပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အင်းတော်မြို့နယ်၌ နေကြာဧက ၁၁၄၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အင်းတော်မြို့နယ်၌ မိုးနေကြာစိုက်ပျိုးခဲ့ရာ ၁၅ ဧကသာစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းနေကြာစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးခြင်း၊ တောင်သူမှတောင်သူသို့ မျိုးစေ့များဖလှယ်ပေးခြင်း၊ ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ သဘာဝမြေဆွေးပြုလုပ်သုံးစွဲနည်းလမ်းများ ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၁၃၃၁၅ ဧက စိုက်ပျိုးရန်လျာထား

**မုံရွာ နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်ဖြူ ၁၃၃၁၅ ဧကစိုက်ပျိုးရန်လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်ဖြူစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၅၅၂ ဧက၊ တမူးခရိုင်တွင် ၄၅ ဧက၊ ကလေးခရိုင်တွင် ဧက ၂၅၃၀၊ ဟုမ္မလင်းခရိုင်တွင် ၁၁၂ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁၈၈ ဧက၊ မုံရွာခရိုင်တွင် ဧက ၃၅၀၊ ယင်းမာပင်ခရိုင်တွင် ဧက ၁၄၅၀၊ ရွှေဘိုခရိုင်တွင် ၆၀၅၄ ဧက၊ ရေဦးခရိုင်တွင် ၉၄၁ ဧက၊ စစ်ကိုင်းခရိုင်တွင် ၁၉၈ ဧက၊ ကသာခရိုင်တွင် ၇၀၂ ဧက၊ ကောလင်းခရိုင်တွင် ၁၉၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာ ကြက်သွန်ဖြူစိုက်ပျိုးမှုက ကြက်သွန်နီလောက်မစိုက်ကြဘူး။ ကြက်သွန်ဖြူစိုက်ပျိုးမှုက စိုက်ကေလဲနည်းပါတယ်။ ကြက်သွန်ဖြူကို စီးပွားဖြစ်မစိုက်ကြဘဲ အိမ်သုံးလောက်ပဲ စိုက်ကြတာများပါတယ်။ အချို့နေရာတွေမှာတော့ ကြက်သွန်ဖြူကို စီးပွားဖြစ်စိုက်ကြပါတယ်။ ကြက်သွန်ဖြူစိုက်ပျိုးဖို့က အရင်းအနှီးများပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်ကြည်ဝင်းကပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကြက်သွန်ဖြူစိုက်တောင်သူများ ဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်ဖြူကို ကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်းနှင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေးကောင်းမွန်သည့် ကြက်သွန်ဖြူဖြစ်စေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



# မြေပုံမြို့နယ် စေတီတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြေပုံ နိုဝင်ဘာ ၁၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ညောင်ခတ္တန်ကျေးရွာအုပ်စု စေတီတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြေပုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ စေတီတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော မျိုးမြတ်ထည်ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြေပုံမြို့နယ် စေတီတောင်ကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက်ပေ ၂၀ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေ ၆ ဒသမ ၅ သန်းဖြင့် မျိုးမြတ်ထည်ကုမ္ပဏီက တာဝန်ယူ၍ ဩဂုတ်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက စေတီတောင်ကျေးရွာရှိ အိမ်ခြေ ၉၅ အိမ်၊ လူ ၄၇၅ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း မြေပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍သိရသည်။ **ကိုသန်း**

## မျှော်တဲ့ဆောင်း

\- အလာနှောင်းလို့
ကြာညောင်းရက်ရှည် ရှိလေပြီတည့်
သွေ့ဖည်သည်လား ကိုယ်စောင့်စားကာ
မျှော်ရပါကြောင်း ဟေမာန်ဆောင်း။

\- လာချိန်သင့်လျက် ဘယ့်အတွက်လျှင်
တမင်မေ့ထား ပြုရက်အားထင့်
လရက်ဆင့်ကြာ
မာယာဆင့်လောင်း ဟေမာန်ဆောင်း။

\- မြောက်အရပ်က ဖွဖွခြေသံ
ရံခါသော်ကြား လာပြီလားထင်
စိတ်တွင်ယောက်ယက်
မငဲ့ကွက်နှောင်း ဟေမာန်ဆောင်း။

\- ဩော် . . .
မျှော်လည်းမလာ ခေါ်ရာမကြား
ကမ္ဘာခြားသို့ သည်းကြားနွမ်းရိ
မချိပူပွေ လွမ်းရိပ်ဝေတုန်း။

\- ကိုယ့်ပါးပြင်ထက် နှင်းမှုန်စက်တို့
ဖျန်းပက်ကျီစယ် သူတကယ်ရောက်
ဆောင်းဦးပေါက်ပြီ မြောက်လေလွန့်လူး
ကြည်နူးရင်ဝယ်
ချစ်ဖွယ်သည်ဆောင်း လာခြင်းကောင်းမို့
ညှို့ပျောင်းခွန်းချို တေးဖွဲ့ဆိုပြီ
ကြိုဆိုလက်ကမ်း ဝမ်းမြောက်မိ။

**အကျော်ပင်**

# သဲကုန်းမြို့နယ် ရုံးပင်လမ်းခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**သဲကုန်း နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရုံးပင်လမ်းခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ရုံးပင်လမ်းခွဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

ရုံးပင်လမ်းခွဲကျေးရွာ၌ လမ်းအရှည် ပေ ၄၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရုံးပင်လမ်းခွဲကျေးရွာရှိ ကျေးလက်နေပြည်သူများ ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သုတ**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ၏ တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်က လွှတ်တင်ပြီး နှစ်နာရီခန့်အကြာတွင် တီယန်ကောင်းအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့



**ပေကျင်း နိုဝင်ဘာ ၁၃**

တရုတ်နိုင်ငံ၏ တီယန်ကျိုး-၅ အာကာသ ကုန်တင်ယာဉ်သည် လွှတ်တင်ပြီး နှစ်နာရီခန့်အကြာတွင် အတိုဆုံး လမ်းကြောင်းဖြင့် တီယန်ကောင်း အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့ကြောင်း ဆင်ဟွာ သတင်းဌာနက နိုဝင်ဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၁၂ ရက် ဟိုင်နန်ကျွန်း ဝန်ချန် အာကာသစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၇ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး နှစ်နာရီခန့် အကြာမှာပင် တီယန်ကျိုး-၅ အာကာသကုန်တင်ယာဉ်သည် တီယန်ကောင်း အာကာသစခန်းနှင့်ချိတ်ဆက်နိုင်ခဲ့ရာ အာကာသစခန်းနှင့် အာကာသယာဉ်တစ်စင်းတို့ကြား ကမ္ဘာ့အမြန်ဆုံး ချိတ်ဆက်မှုအဖြစ် စံချိန်တင်ခဲ့သည်။

ကမ္ဘာ့အမြန်ဆုံး ဆိုက်ကပ်မှုအဖြစ် ယခင်စံချိန်တင်ထားသော မစ်ရှင်မှာ ရုရှား၏ဆိုယုဇ် MS-17 အာကာသ လူသယ်ယာဉ်မစ်ရှင် ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၄ ရက်က လွှတ်တင်ခဲ့သော ဆိုယုဇ် MS-17 အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီး ၃ နာရီနှင့် ၃ မိနစ် အကြာတွင် နိုင်ငံတကာ အာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့သည်။

တီယန်ကျိုး-၅ အာကာသ ကုန်တင်ယာဉ်သည် အသစ်တည်ဆောက်ပြီးစီးခါစ တီယန်ကောင်းအာကာသ စခန်းသို့ ပထမဆုံးရောက်ရှိသည့် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

KKO

## အင်တဲလ်ဆက် ဆက်သွယ်ရေးဂြိုဟ်တုသစ်နှစ်စင်း Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီသည် အင်တဲလ်ဆက် ဆက်သွယ်ရေးကုမ္ပဏီ၏ ဂြိုဟ်တုသစ်နှစ်စင်းကို နိုဝင်ဘာ ၁၂ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

ဂလက်ဆီ-၃၁ နှင့် ဂလက်ဆီ-၃၂ ဟူ၍ အမည်ပေးထားသော အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုနှစ်စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၃၃ မိနစ်နှင့် ၃၈ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် ဂလက်ဆီ-၃၁ နှင့် ဂလက်ဆီ-၃၂ ဂြိုဟ်တုတို့ကိုသတ်မှတ်ထားသည့် ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။



အဆိုပါ ဂြိုဟ်တုသစ်နှစ်စင်းသည် ကမ္ဘာမြေပြင်အထက်အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာတွင်ရှိသည့် ပတ်လမ်းပေါ်၌နေရာယူ၍ ဆက်သွယ်ရေးလုပ်ငန်းဝန်ဆောင်မှုများ ပေးမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၂ ရက် မစ်ရှင်သည် တစ်လစွန်းစွန်း ကာလအတွင်း Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ဒုတိယမြောက် အင်တဲလ်ဆက်မစ်ရှင်ဖြစ်သည်။

Space-X ကုမ္ပဏီသည် ဂလက်ဆီ-၃၃ နှင့် ဂလက်ဆီ-၃၄ အမည်ရှိ အင်တဲလ်ဆက်ဂြိုဟ်တုနှစ်စင်းကို အောက်တိုဘာ ၈ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့်ပင် လွှတ်တင်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

KKO

## CRS-26 မစ်ရှင်ဖြင့် နိုင်ငံတကာအာကာသစခန်းသို့ အာကာသယာဉ်လွှတ်တင်ရေးအစီအစဉ် နှစ်ကိုးအပူပိုင်းမုန်တိုင်းကြောင့် နောက်ဆုတ်

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

နစ်ကိုးအမည်ရှိ အပူပိုင်းမုန်တိုင်းကြောင့် Space-X အာကာသနည်းပညာကုမ္ပဏီသည် CRS-26 မစ်ရှင်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ အာကာသကုန်တင်ယာဉ် လွှတ်တင်ရေး အစီအစဉ်ကို သုံးရက် နောက်ဆုတ်လိုက်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

Space-X ကုမ္ပဏီသည် မူလက CRS-26 ဒရာဂွန်အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၁၈ ရက်က ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းသို့ နိုဝင်ဘာ ၁၀ ရက်က စတင်ဝင်ရောက်လာသည့် နစ်ကိုးမုန်တိုင်းကြောင့် CRS-26 မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို သုံးရက်နောက်ဆုတ်လိုက်ကြောင်း Space-X ကုမ္ပဏီနှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)တို့က ကြေညာထားသည်။

လက်ရှိအချိန်တွင် နာဆာနှင့် Space-X ကုမ္ပဏီတို့သည် CRS-26 မစ်ရှင်ကို နိုဝင်ဘာ ၂၁ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

CRS-26 ဒရာဂွန်အာကာသ ကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားရေရိက္ခာများ၊ သိပ္ပံပညာစမ်းသပ်ပစ္စည်းများနှင့် နေစွမ်းအင်ပြားတစ်စုံအပါအဝင် ကုန်ပစ္စည်းများ တင်ဆောင်ထားကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် နာဆာနှင့်ရယူထားသော သဘောတူညီချက်အရ Space-X ကုမ္ပဏီက လွှတ်တင်ပေးမည့် ၂၆ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပို့မစ်ရှင် ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ခုခံအားစနစ်ထိခိုက်နေသူများ ကိုဗစ်ကြောင့် အသက်ဆုံးပါးနိုင်ခြေကို ပဋိပစ္စည်းကုထုံးကလျှော့ချနိုင်

**လန်ဒန် နိုဝင်ဘာ ၁၃**

ပဋိပစ္စည်းကုထုံးများသည် ခုခံအားစနစ်ထိခိုက်နေသော လူနာများ ကိုဗစ်ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ MSN သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ခုခံအားစနစ် ထိခိုက်အားနည်းနေသူ လူနာပေါင်း ၂၄၇၀၀ တို့၏ ဆေးဝါးကုသမှုမှတ်တမ်းများကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ရောဂါကြိုတင်ကာကွယ်ရေးသုံး ပဋိပစ္စည်းကုထုံးများသည် သွေးကင်ဆာလူနာ၊ ခုခံအားစနစ်ဖောက်ပြန်မှုရောဂါလူနာများကဲ့သို့ ခုခံအားစနစ် ထိခိုက်ပျက်စီးနေသော လူနာများ ကိုဗစ်ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၈၆ ရာခိုင်နှုန်းထိ ထိရောက်စွာကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် ပဋိပစ္စည်းကုထုံးများသည် ခုခံအားစနစ်ထိခိုက်ပျက်စီးနေသူ လူနာများ အရေးပေါ်ကြပ်မတ်ကုသမှု ခံယူရနိုင်ခြေကိုလည်း ၈၈ ရာခိုင်နှုန်း လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် Astra Zeneca ကုမ္ပဏီက ထုတ်လုပ်သည့် Evusheld ပဋိပစ္စည်းကုထုံးသည် ခုခံအားစနစ်ထိခိုက်ပျက်စီးနေသော လူနာများ ကိုဗစ်-၁၉ ကြောင့် အသက်ဆုံးပါးနိုင်မှုကို လျှော့ချပေးရာတွင် ထိရောက်မှုရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## လည်ချောင်းကင်ဆာအတွက်အသုံးပြုသော ဆေးများ၏ အာနိသင်ကို ကိုဗစ်ကာကွယ်ဆေးများကမြှင့်တင်ပေးနိုင်

**ပေကျင်း နိုဝင်ဘာ ၁၃**

ကိုဗစ်ရောဂါ ကာကွယ်ဆေးများသည် လည်ချောင်းကင်ဆာတစ်မျိုးအတွက် အသုံးပြုသော ဆေးဝါးများ၏အာနိသင်ကိုမြှင့်တင်ပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၂ ရက်က ရေးသားတင်ပြထားသည်။

ဂျာမနီနိုင်ငံ ဘွန်းတက္ကသိုလ်နှင့် တရုတ်နိုင်ငံ ရှန်ရိုးတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Nasopharyngeal Cancer ရောဂါခေါ် လည်ချောင်းကင်ဆာတစ်မျိုးအတွက် အသုံးပြုသောဆေးများ၏ အာနိသင်သည် ကိုဗစ်ကာကွယ်ဆေးထိုးထားသူများ၌ ပို၍ထိရောက်မှုရှိကြောင်း သိရသည်။

သုတေသန ပညာရှင်များသည် Nasopharyngeal ကင်ဆာလူနာ ၁၅၃၇ ဦးတို့၏ ဆေးဝါးကုသမှုမှတ်တမ်းများကို အသေးစိတ် လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကိုဗစ်ကာကွယ်ဆေး မထိုးထားသူများနှင့်နှိုင်းယှဉ်ပါက ထိုးထားသူများသည် Anti - PD-1 ခေါ် Nasopharyngeal ကင်ဆာကုထုံးကို ပို၍တုံ့ပြန်နိုင်စွမ်းရှိကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ထို့ပြင် ကိုဗစ်ကာကွယ်ဆေးထိုးနှံထားသူလူနာများသည် Anti - PD-1 ကုထုံး၏ နောက်ဆက်တွဲ ပြင်းထန်သည့် ဘေးထွက်ဆိုးကျိုးခံစားရမှုလည်း ပိုနည်းသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

လေ့လာမှုတွင် ပါဝင်ခဲ့သည့် လူနာများအနက် ၃၇၃ ဦးတို့မှာ Anti - PD-1 ကုထုံး မခံယူမီ တရုတ်နိုင်ငံ၏ ဆီနိုဗက်ကာကွယ်ဆေးများကို ထိုးနှံထားသူများဖြစ်ကြကြောင်း သိရသည်။

KKO



# ဝက်စ်ဟမ်းနှင့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သည့် မက်ဒီဆင် ကမ္ဘာ့ဖလားတွင် ပါဝင်နိုင်မည်ဟု နည်းပြရော်ဂျာပြောကြား

**လန်ဒန် နိုဝင်ဘာ ၁၃**

ပြီးခဲ့သည့် စနေညက ယှဉ်ပြိုင်ကစားခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့် လက်စတာအသင်းတို့ ပွဲစဉ်တွင် ကွင်းလယ်ကစားသမား မက်ဒီဆင် ခြေဖနောင့်ဒဏ်ရာကြောင့် လူစားလဲထွက်ခွာခဲ့ရသော်လည်း အင်္ဂလန်အသင်းနှင့် ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်နိုင်မည်ဟု နည်းပြရော်ဂျာကပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။



ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်တွင် မက်ဒီဆင်သည် ပွဲချိန် ရှစ်မိနစ်တွင် အသင်းအတွက်ဦးဆောင်ဂိုး သွင်းယူပေးခဲ့သော်လည်း ပွဲကစားချိန် ၂၅ မိနစ်အရောက်တွင် ခြေဖနောင့်ဒဏ်ရာကြောင့် အသင်းဖော်ကစားသမား ပါရက်ဒ်နှင့် လူစားလဲ ထွက်ခွာခဲ့ရပြီးနောက် လက်စတာအသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် အသင်းနည်းပြ ရော်ဂျာက ၎င်း၏ဒဏ်ရာအခြေအနေမှာ ပြင်းထန်မှုမရှိသဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်နိုင်မည်ဟု မီဒီယာများနှင့်တွေ့ဆုံချိန်တွင် ပြောကြားခဲ့သည်။

နည်းပြဆောက်ဂိတ်၏အင်္ဂလန်အသင်း ကစားသမားစာရင်းတွင် ပါဝင်နေသည့် မက်ဒီဆင်အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီ ကိုးရက်အလိုတွင် ဒဏ်ရာပြဿနာကြောင့် လွဲချော်ရမည်ကို စိုးရိမ်လျက်ရှိနေကာ လက်ရှိဒဏ်ရာအခြေအနေကို လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ထားသော်လည်း လာမည့် တနင်္လာနေ့မှသာ အတိအကျထုတ်ပြန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြရော်ဂျာက "ကျွန်တော် အသင်းဆရာဝန်ကို မေးကြည့်ခဲ့တာ သူ့ဒဏ်ရာက စိုးရိမ်စရာမရှိဘူးလို့ ပြောပါတယ်။ သူ့ဒဏ်ရာနဲ့ပတ်သက်လို့ ပြဿနာမရှိနိုင်တာကြောင့် ကာတာကမ္ဘာ့ဖလားအမီ ပြန်လည်ကစားနိုင်မှာပါ။ ဝက်စ်ဟမ်းနဲ့ ပွဲမှာလဲ ဖနောင့်ဒဏ်ရာရသွားကတည်းက ကျွန်တော့်အနေနဲ့ စွန့်စားမှုမလုပ်တော့ဘဲ ချက်ချင်းလူစားလဲခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML

# အဲဗာတန်အသင်းကစားသမားများနှင့် ပရိသတ်များ အချင်းများမှုဖြစ်ပွား

**လန်ဒန် နိုဝင်ဘာ ၁၃**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၆)အဖြစ် ဘုန်းမောက်အသင်းနှင့် အဲဗာတန်အသင်းတို့ ကစားခဲ့သည့် အဲဗာတန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်အပြီးတွင် အဲဗာတန်အသင်း ကစားသမားများနှင့်ပရိသတ်များ အချင်းများမှုဖြစ်ပွားခဲ့သည်ဟု ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲဗာတန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြလမ်းပတ်လက်အောက်တွင် ရလဒ်ပိုင်း မတည်ငြိမ်မှုများနှင့်ရင်ဆိုင်နေရပြီး ယခုရက်သတ္တပတ်အတွင်း နိုဝင်ဘာ ၉ ရက်က ကစားခဲ့သည့် ကာရာဘောင်းဖလား ပြိုင်ပွဲတွင်လည်း ဘုန်းမောက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သကဲ့သို့ နိုဝင်ဘာ ၁၂ ရက်က ကစားခဲ့သည့် ပရီးမီးယားလိဂ် ပွဲစဉ်တွင်လည်း သုံးဂိုး ဂိုးမရှိဖြင့် ထပ်မံရှုံးနိမ့်ခဲ့သည့်အတွက် အသင်းပရိသတ်များက ပေါက်ကွဲခဲ့ကြခြင်းဖြစ်သည်။

အဲဗာတန်အသင်းနှင့် ဘုန်းမောက်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်အပြီးတွင် အဲဗာတန်အသင်း ကစားသမားများက အဝေးကွင်းတွင်လိုက်ပါအားပေးသည့်အသင်းပရိသတ်များကိုအားပေးရန်အတွက် သွားရောက်စဉ် ပရိသတ်များက အော်ဟစ် လှောင်ပြောင်မှုများပြုလုပ်ခဲ့ကြသည့်အပြင် အသင်းပရိသတ်အချို့က ကစားသမားများကို တိုက်ခိုက်ရန်ပင်ကြိုးပမ်းခဲ့ကြသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက တားဆီးထိန်းသိမ်းခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် အဲဗာတန်အသင်း ကွင်းလယ်ကစားသမား အီဗိုဘီက ၎င်း၏ ဂျာစီကိုအသင်းပရိသတ်များထံ သွားရောက်ပေးခဲ့ရာတွင်လည်း ပရိသတ်များက တိုက်ခိုက်ရန်ကြိုးပမ်းခဲ့ကြပြီး ၎င်းပေးခဲ့သည့် ဂျာစီကိုလည်း ပြန်လည်လွှင့်ပစ်ခဲ့ကြပြီးနောက် ကစားသမားများနှင့် ပရိသတ်အချို့အချင်းများမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ဖာမီနိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုပြုလုပ်နေဟု နည်းပြကလော့ပ် ပြောကြား

**လန်ဒန် နိုဝင်ဘာ ၁၃**

လီဗာပူး အသင်းနည်းပြ ကလော့ပ်က အသင်းမှ တိုက်စစ်ကစားသမား ဖာမီနိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟုပြောကြားခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၃၁နှစ်ရှိ ဖာမီနိုသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဟော်ဖန်ဟိမ်းအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်း တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးမှုများပြုလုပ်နေခြင်းဖြစ်သည်။

ဖာမီနိုသည်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း မာနေး၊ ဆာလာဟ်တို့နှင့် တွဲဖက်ပြီး အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ဒါဝင်နူနက်၊ ဆာလာဟ်တို့နှင့်တွဲဖက်ကာ အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နေပြီး နည်းပြကလော့ပ် အားထားရသည့်ကစားသမားတစ်ဦး ဖြစ်သည့်အတွက် လီဗာပူးအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

နည်းပြကလော့ပ်က "ဖာမီနိုက အသင်းအတွက် အရေးပါတဲ့ကစားသမားတစ်ဦးပါ။ သူ့ကို လာမဲ့ဘောလုံးရာသီတွေမှာလဲ ကျွန်တော်တို့လိုအပ်ပါတယ်။ အခု သူ့ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ဖို့အတွက် ဆွေးနွေးမှုတွေပြုလုပ်နေပါတယ်။ မကြာခင် အပြီးသတ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA

# ဒီဂီယာအနေဖြင့် လုပ်ခလစာလျှော့ယူမှသာ အသင်းတွင် ဆက်ရှိနိုင်မည်ဟု မန်ယူအသင်းပြောကြား

**မန်ချက်စတာ နိုဝင်ဘာ ၁၃**

မန်ယူအသင်းတွင် တစ်ပတ်လုပ်ခစတာလင်ပေါင် ၃၇၅၀၀၀ ရရှိနေသည့် ဂိုးသမားဒီဂီယာအနေဖြင့် လာမည့်နွေရာသီတွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် လုပ်ခလစာလျှော့ယူမှသာ အသင်းအနေဖြင့် စာချုပ်သက်တမ်း တိုးနိုင်မည်ဖြစ်ကြောင်း မန်ယူအသင်းဘုတ်အဖွဲ့က ပြောကြားခဲ့သည်ဟု Daily Mail သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုပြီးလျှင် ဒုတိယမြောက် လုပ်ခလစာအများဆုံးကစားသမားဖြစ်သည့် ဂိုးသမားဒီဂီယာသည် အသင်းနှင့်ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ၂၀၂၃ ခုနှစ် ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကာ သဘောတူစာချုပ်တွင် တစ်နှစ်သက်တမ်းတိုးခွင့်ပါရှိနေသော်လည်း အသင်းအနေဖြင့် လက်ရှိရရှိနေသည့် လုပ်ခလစာထဲမှ စတာလင်ပေါင် ၁၀၀၀၀၀ ဝန်းကျင်ထိလျှော့ချနိုင်မှသာ သက်တမ်းတိုးနိုင်မည်ဟု ပြောကြားခဲ့သည်။

ဂိုးသမားဒီဂီယာသည် ယခုနှစ် ဘောလုံးရာသီအစပိုင်းတွင် နည်းပြ တန်ဟတ်လက်အောက်၌ ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး ဘရန့်ဖို့ဒ်အသင်းကို လေးဂိုးပြတ်ခွင့်ပြုခဲ့ရသည့် ပွဲစဉ်တွင် ၎င်း၏ လက်စွမ်းပိုင်း အဆိုးရွားဆုံးဖြစ်ခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် လက်စွမ်းပြကာကွယ်မှုပြုလုပ်နိုင်သဖြင့် အသင်းအနေဖြင့် ရလဒ်ကောင်းများ ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မန်ယူအသင်းနှင့် ဂိုးသမားဒီဂီယာ၏ ကိုယ်စားလှယ်တို့ကြား အနာဂတ်နှင့်ပတ်သက်၍ ဆွေးနွေးရခြင်းမရှိသေးသော်လည်း အသင်းတာဝန်ရှိသူများက ၎င်း၏ လုပ်ခလစာကို လျှော့ချနိုင်မှသာ သက်တမ်းတိုးမည်ဟု ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# IBF က ကမ္ဘာ့ဟဲဗီးဝိတ်တန်းများချန်ပီယံ အလက်ဇန္ဒားအူဆက်ခ်အား ခရိုအေးရှားလက်ဝှေ့သမား ဟာဂိုဗစ်နှင့် ထိုးသတ်ရန် ညွှန်ကြား

**ဝါရှင်တန် နိုဝင်ဘာ ၁၃**

WBA (Super)၊ IBF၊ WBO၊ IBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ အလက်ဇန္ဒားအူဆက်ခ်နှင့် ထိုးသတ်သွားရန် ပြင်ဆင်နေသည့် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ တိုင်ဆန်ဖျူရီသည် လက်ဝှေ့လောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသော်လည်း အလက်ဇန္ဒားအူဆက်ခ်က ၎င်း၏စိန်ခေါ်မှုကို လက်ခံပါက စိန်ခေါ်ပွဲထိုးသွားရန် အဆင်သင့်ဖြစ်နေကြောင်းပြောကြားထားသည်။

အလက်ဇန္ဒား အူဆက်ခ်ကလည်း တိုင်ဆန်ဖျူရီနှင့် ထိုးသတ်သွားရန် ဆန္ဒရှိနေသော်လည်း အမေရိကန်နိုင်ငံ နယူးဂျာစီအခြေစိုက် ကမ္ဘာ့လက်ဝှေ့ဖက်ဒရေး (IBF) က အလက်ဇန္ဒားအူဆက်ခ်အား ချန်ပီယံစိန်ခေါ်ခွင့်ရထားသည့် ခရိုအေးရှားလက်ဝှေ့သမား ဟာဂိုဗစ်နှင့် ထိုးသတ်သွားရန် ညွှန်ကြားလိုက်ကြောင်း Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အလက်ဇန္ဒားအူဆက်ခ်သည် စည်းမျဉ်းစည်းကမ်းအရ ဟာဂိုဗစ်နှင့် ထိုးသတ်သွားရတော့မည်ဖြစ်သည့်အတွက် တိုင်ဆန်ဖျူရီအနေဖြင့် ကမ္ဘာ့ဟဲဗီးဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံဖြစ်ခွင့်ရရေးအတွက် မျှော်လင့်ချက်မှေးမှိန်သွားပြီဖြစ်သည်။

ဟာဂိုဗစ်သည် IBF International ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ်ကိုလည်း ရရှိထားသည့်အတွက် အလက်ဇန္ဒားအူဆက်ခ်အနေဖြင့် IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဘွဲ့အတွက် ဟာဂိုဗစ်ဖြင့် မဖြစ်မနေ ထိုးသတ်ရတော့မည်ဖြစ်သည်။

အလက်ဇန္ဒား အူဆက်ခ်၏ Promoter ဖြစ်သူ အက်ဒီဟန်းက "အလက်ဇန္ဒားအူဆက်ခ်ကို ဟာဂိုဗစ်နဲ့ထိုးသတ်သွားဖို့အတွက် ညွှန်ကြားလွှာကို IBF က ပေးပို့လာပါတယ်။ ညွှန်ကြားလွှာရရှိခဲ့ပြီဖြစ်တဲ့အတွက် စိန်ခေါ်ပွဲထိုးသတ်ဖို့ ဆောလန်းနဲ့ ဆွေးနွေးမှုပြုလုပ်သွားမယ်။ ဟာဂိုဗစ်ဟာ IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဘွဲ့ကို စိန်ခေါ်ခွင့်ရထားတဲ့ လက်ဝှေ့သမား ဖြစ်တဲ့အတွက်ကြောင့် အလက်ဇန္ဒားအူဆက်ခ် ထိုးသတ်သွားရမယ့် ပြိုင်ဘက်ဟာ ဟာဂိုဗစ်ဖြစ်တဲ့အကြောင်း အတည်ပြုပါတယ်။ ပရိသတ်တွေမြင်တွေ့ချင်တဲ့ စိန်ခေါ်ပွဲဖြစ်မယ်လို့လဲ ယုံကြည်ပါတယ်။ စိတ်လှုပ်ရှားစရာကောင်းတဲ့ စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာမှာပါ"ဟု ပြောကြားခဲ့သည်။ AZL

**အီတလီစီးရီးအေ ပွဲစဉ် (၁၅) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၁ | - | ၂ | စပီဇီယာ |
| မွန်ဇာ | ၃ | - | ၀ | ဆာလာနီတာနာ |
| ရိုးမား | ၁ | - | ၁ | တိုရီနို |

**ပရီးမီးယားလိဂ် ပွဲစဉ် (၁၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | ၁ | - | ၂ | အေဗီလာ |
| ဖူလ်ဟမ် | ၁ | - | ၂ | မန်ယူ |

(၀၄၀)

# ဆီးချိုရောဂါစောင့်ရှောက်မှု လူသားအားလုံးသတိပြု

ပေါက်ပေါက်




ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က နှစ်တစ်နှစ်၏ နိုဝင်ဘာ ၁၄ ရက်ကို "ကမ္ဘာ့ဆီးချိုရောဂါနေ့ World Diabetes Day"အဖြစ် သတ်မှတ်ထားပြီး ထိုနေ့သို့ရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဆီးချို သွေးချိုရောဂါဆိုင်ရာ ပြည်သူလူထုဗဟိုပြု ကျန်းမာရေးလှုံ့ဆော်မှုများကို ကျင်းပလျက်ရှိကြသည်။

၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့်၂၀၂၃ ခုနှစ်တို့အတွက် သတ်မှတ်ထားသော ကျန်းမာရေးဆောင်ပုဒ်မှာ Access to Diabetics Care ဖြစ်သည်။ ဆောင်ပုဒ်၏ဆိုလိုရင်းမှာ ဆီးချိုရောဂါဝေဒနာရှင်များအတွက် အင်ဆူလင် ဆေးဝါးကို စမ်းသပ်ဖော်ထုတ်နိုင်သည်မှာ နှစ်ပေါင်းတစ်ရာကျော် ကြာမြင့်နေပြီဖြစ်သော်လည်း ယနေ့ကမ္ဘာတွင် ဆီးချိုရောဂါရှိသူ သန်းပေါင်းများစွာတို့မှာ အင်ဆူလင်နှင့်အလှမ်းဝေးနေကြဆဲဖြစ်ရာ အဆိုပါဝေဒနာရှင်များကို စဉ်ဆက်မပြတ်စောင့်ရှောက်မှုပေးရန်၊ လိုအပ်သော အကူအညီများ ပံ့ပိုးပေးရန်၊ ဆီးချိုရောဂါကြောင့် နောက်ဆက်တွဲပြဿနာများမှ ရှောင်လွှဲနိုင်ကြစေရန်အတွက် ကူညီဆောင်ရွက်ပေးကြရန် စသည့်ရည်ရွယ်ချက်များဖြင့် နှိုးဆော်ထားခြင်းဖြစ်သည်။

ဆီးချိုဟုခေါ်သော်လည်း အမှန်စင်စစ်မှာ သွေးထဲတွင် အချိုဓာတ်များ ရှိသင့်သည်ထက် လွန်ကဲစွာများပြားနေခြင်းဖြစ်သည်။ သွေးထဲမှတစ်ဆင့် ဆီးထဲသို့ပါလာပြီး လူအများစုက ဆီးချိုရှိမှန်းမိမိကိုယ်ကိုပင်မသိခဲ့ကြဘဲ အခြားရောဂါတစ်ခုခု ကုသရန် သွေးနှင့်ဆီးတို့ကို နမူနာစစ်ဆေးချိန် သို့မဟုတ် ဆီးချိုပမာဏတက်ကာ လွန်စွာနာမကျန်းဖြစ်သည့်အခါမှ သိလာရသည်။ အကယ်၍ သွေးချိုပမာဏ လွန်ကဲစွာ မများသော်လည်း ရှိသင့်သည့်ပမာဏထက် များနေသေးပါက နှစ်ကာလရှည်ကြာလာသောအခါ နောက်ဆက်တွဲရောဂါများကြောင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများမှာ အလုပ်မလုပ်နိုင်တော့ဘဲ အသက်တိုသည်ထိ ဖြစ်တတ်သည်။

ကမ္ဘာတစ်ဝန်း သုည ဒသမ ၅၇ စက္ကန့်တိုင်းတွင် ဆီးချို သွေးချိုရောဂါ လူနာသစ်ဦးရေ ၁၉၂၀၀၀၀ တွေ့ရကြောင်းနှင့် ၎င်းတို့အနက် ၁၀ စက္ကန့်တွင် တစ်ဦးနှုန်းသေဆုံးမှုရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားသည်။ ရှေးယခင်က ဆီးချိုရောဂါကို ဖွံ့ဖြိုးပြီးနိုင်ငံများ(ချမ်းသာသောနိုင်ငံများ)တွင်သာ အဖြစ်များခဲ့သော်လည်း ၂၀ ရာစုနှစ်နောက်ပိုင်း သိသိသာသာ လူနေမှုဘဝပုံစံများ ပြောင်းလဲလာကာ ကမ္ဘာတစ်ဝန်း ၎င်းရောဂါဖြစ်ပွားနှုန်းမှာလည်း လွန်စွာမြင့်တက်လာသည်။

မြန်မာနိုင်ငံအတွင်း ဆီးချိုရောဂါဖြစ်ပွားရသည့်အကြောင်းရင်း နှစ်ချက်ရှိသည်။ ၎င်းတို့မှာ မျိုးရိုးကြောင့် ဖြစ်ပွားခြင်းနှင့် အပြုအမူအနေအထိုင် အစားအသောက် မှန်ကန်မှုမရှိခြင်းကြောင့် ဖြစ်ပွားခြင်းဟူ၍ လေ့လာတွေ့ရှိရသည်။ အမျိုးသမီးများ၏ သွေးကြောဆိုင်ရာ လုပ်ဆောင်ချက်များ၊ သွေးရည်အဖျစ်အကျဲ ပြောင်းလဲမှုစနစ်များနှင့် ကိုယ်လက်လှုပ်ရှားမှုအပိုင်းတွင် လွန်စွာအားနည်းခြင်းစသည်တို့ကြောင့် ဆီးချိုရောဂါဝေဒနာများသည် အမျိုးသားများထက် အမျိုးသမီးများတွင် ပို၍အဖြစ်များကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ပြင် ဆီးချို သွေးချိုရောဂါရှိသူ အမျိုးသမီးများသည် ၎င်းရောဂါရှိသူ အမျိုးသားများထက် လေဖြတ်နိုင်ခြေမှာလည်း သုံးဆခန့် ပိုများသည်။ အဓိကအချက်မှာ အမျိုးသမီးများ၏ သွေးကြောဆိုင်ရာလုပ်ဆောင်ချက်များသည် အမျိုးသားများလောက် ကောင်းစွာမလုပ်ဆောင်နိုင်ခြင်းကြောင့် ဖြစ်သည်။

**ဆီးချိုရောဂါလက္ခဏာများ**

ရေငတ်ခြင်း(အာခြောက်ခြင်း)၊ ဆီးသွားများခြင်း၊ ညဘက် ဆီးခဏခဏသွားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခန္ဓာကိုယ်အလေးချိန် ကျသွားခြင်း၊ အမြင်အာရုံမကောင်းတော့ခြင်း၊ မိန်းမကိုယ်ယားယံခြင်း၊ လိင်တန်ဆာ ယားယံခြင်း၊ ရောင်ခြင်း၊ ပို့အန်ခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်အပြောင်းအလဲဖြစ်ခြင်း၊ အာရုံစူးစိုက်မှုကျဆင်းလာခြင်း၊ အသားအရေ ညစ်ထေးခြင်းစသည်တို့မှာ ဆီးချိုရောဂါလက္ခဏာများဖြစ်သည်။ (Type 1 နှင့် Type 2 ရောဂါ လက္ခဏာများက ဆင်တူကြ၍ ရံဖန်ရံခါ ဆရာဝန်များပင် ဝေခွဲရခက်နိုင်သည်)

**ဆီးချိုရောဂါ လမ်းလျှောက်ပါ**

နံနက်စာနှင့်ညစာ ထမင်းစားပြီးနောက် ၁၅ မိနစ်ခန့် လမ်းလျှောက်ပေးခြင်းက အခြားအချိန်တွင် ခပ်ကြာကြာ လမ်းလျှောက်ခြင်းထက် ဆီးချိုပမာဏလျော့ကျနှုန်း ပိုမိုမြန်ဆန်စေသည်။ အထူးသဖြင့် နေ့လယ်စာစားပြီး လမ်းလျှောက်ခြင်းထက် ညစာစားပြီး လမ်းလျှောက်ခြင်းက ပိုကောင်းသည်။ အဘယ်ကြောင့်ဆိုသော် ညစာစားပြီးလမ်းလျှောက်သောအခါ တစ်နေကုန်စားထားသည့် အစားအစာများထဲတွင် ပါရှိသော ဂလူးကို့စ်ဓာတ်များကို လောင်မြိုက်သွားစေသည်။ ထိုအခါ ခန္ဓာကိုယ်ထဲတွင် ၎င်းဂလူးကို့စ်များ တစ်ညတာလုံး ခိုအောင်းမနေတော့ပေ။

**မှန်ကန်သော စားသောက်ပုံနည်းလမ်းများ**

ဝေဒနာရှင်များအနေဖြင့် အစာအာဟာရကို မှန်မှန်ကန်ကန် စားသုံးနိုင်မှသာ ဆီးချို သွေးချိုဓာတ်လွန်ကဲမှုကို ထိန်းချုပ်နိုင်မည်ဖြစ်သည်။ မှန်ကန်သော စားသုံးမှုဆိုသည်မှာ-

(က) မှန်ကန်သည့်အစားအစာနှင့် အမျိုးအစား

(ခ) မှန်ကန်သည့်အစာပမာဏ

(ဂ) မှန်ကန်သည့် စားသောက်ချိန် စသည့် အချက်သုံးချက်စလုံးနှင့် ကိုက်ညီသော စားသုံးမှုကို ဆိုလိုသည်။

အကြောက်လွန်ကဲပြီး အစာရှောင်လွန်း၍ဖြစ်စေ၊ ဆီးချို သွေးချိုရောဂါ၏ နောက်ဆက်တွဲရောဂါများကို မသိ၍ဖြစ်စေ၊ မကြောက်၍ဖြစ်စေ၊ အစားအသောက်ကို မရှောင်ဘဲစားလွန်း၍ဖြစ်စေ ဆီးချိုထိန်းချုပ်မှု အောင်မြင်နိုင်မည်မဟုတ်ဘဲ ဆိုးကျိုးများသာ ဖြစ်ပေါ်လာမည်။ တစ်နည်းဆိုသော် စားသုံးသင့်သည့် အစားအစာများကို ရဲရဲဝံ့ဝံ့စားသုံးနိုင်သကဲ့သို့ စားသုံးရန်မသင့်တော်သော အစာအာဟာရများကိုလည်း လုံးဝမစားသုံးကြရန် အထူးလိုအပ်သည်။ ၎င်းရောဂါသည် ဝေဒနာရှင်နှင့် တစ်သက်တာလုံးရှိနေမည့်ရောဂါဖြစ်သဖြင့် နိစ္စဓူဝ စားသုံးမှုစရိုက်မှာ တစ်သက်တာလုံး လိုက်နာကျင့်သုံးနိုင်မည့် အလေ့အကျင့်ဖြစ်ရန်လိုသည်။ ထို့ကြောင့် အစားအစာများကို တစ်ပွဲတိုးရှောင်ခြင်းမျိုးမလုပ်သင့်ဘဲ မိမိသဘာဝနှင့် လိုက်လျောညီထွေအောင် စားတတ်ရန် အထူးပင်လိုအပ်သည်။

ရှေးယခင်က ကစီဓာတ်ကိုမစားခိုင်းဘဲ အသားဓာတ်နှင့် အဆီဓာတ်ကိုကြိုက်သလောက်စားဟူသော အကျိုးဆက်အနေဖြင့် ၎င်းရောဂါရှိသူများသည် နှလုံးနှင့်သက်ဆိုင်သောရောဂါများ၊ ကျောက်ကပ်နှင့်သက်ဆိုင်သောရောဂါများကို နောက်ဆက်တွဲအဖြစ် ခံစားခဲ့ကြရသည်။ ယခုနောက်ပိုင်းတွင် လမ်းညွှန်ချက်များအနေဖြင့် ပြန်လည်ပြောင်းသွားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ဆီးချို သွေးချို ရောဂါသည်များအတွက်




သီးသန့်အစားအစာဟူ၍ မရှိဘဲ မိသားစုအတွက် ပြင်ဆင်ချက်ပြုတ်ထားသောအစားအစာများထဲတွင် အချိုအရသာများမှလွဲ၍ မိသားစုနှင့်အတူတူ ထမင်းလက်ဆုံ စားသုံးနိုင်သည်။

**ရှောင်ရန်၊ ဆောင်ရန် အစားအစာများ**

ပြည့်ဝဆီများဖြစ်ကြသော ဝက်ဆီ၊ အမဲဆီ၊ စားအုန်းဆီ၊ တိရစ္ဆာန်တို့၏ ဝမ်းတွင်းသားအဆီတို့ကို လုံးဝမစားသင့်ပေ။ သကြား၊ နို့ဆီ ပါဝင်သော အစားအစာများ၊ ထန်းလျက်၊ ပျားရည်၊ မလိုင်များနှင့် ချိုသောအသီးများ စားသုံးခြင်းမှ ရှောင်ရှားပါ။ အထူးသတိပြုရန်မှာ ဆီးချို သွေးချိုရောဂါကြောင့် ကျောက်ကပ်ထိခိုက်ပျက်စီးနေသူများသည် အသားဓာတ်ကိုလျှော့၍ စားပေးရမည်။ စားသုံးသင့်သော အစားအစာများမှာ ဆန်ဖြင့်ပြုလုပ်ထားသောအစားအစာများ၊ ဂျုံဖြင့်ပြုလုပ်ထားသော အစားအစာများ၊ ထမင်း(အသင့်အတင့်)၊ ဆန်ပြုတ်၊ နန်းကြီးသုပ်၊ ကောက်ညှင်း၊ ဆီထမင်း၊ ဂျုံခေါက်ဆွဲ၊ ဂျုံကြာဆံ၊ နံပြား၊ ပလာတာ၊ ငါးအမျိုးမျိုး၊ အဆီမပါသည့် ဆိတ်သား၊ အမဲသား၊ ဝက်သား၊ ဘဲသား၊ အရေခွံမပါသည့် ကြက်သား၊ ပုစွန်(ခေါင်းမပါ)၊ ပဲဆီ၊ သံလွင်ဆီ၊ ငါးမှရသောအဆီ၊ နှမ်းဆီတို့ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ဆီးချိုရောဂါသည် မကူးစက်နိုင်သောရောဂါဖြစ်သော်လည်း အသက်အရွယ်မရွေး ဖြစ်ပွားနိုင်ပြီး ယခုအခါ ကလေးများလည်း သိသိသာသာ ဆီးချိုရောဂါဖြစ်လာကြသည်။ ရောဂါကာကွယ်မှုအပိုင်းမှာ ၅၈ ရာခိုင်နှုန်းသာ ရှိနိုင်သဖြင့် ထိုရောဂါရှင်များအနေဖြင့် နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်သင့်သည်။ ခန္ဓာကိုယ်ပုံမှန်လှုပ်ရှားမှု ပြုလုပ်ပေးခြင်းဖြင့် ထိုရောဂါအတွက် ဆေးမှီဝဲသောက်သုံးရမှုကို သိသိသာသာ လျော့ကျနိုင်သည်။ ဆီးချို သွေးချိုကြောင့် နောက်ဆက်တွဲရောဂါများအနေဖြင့် နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ မျက်စိရောဂါများအပြင် အာရုံကြောများထိခိုက်ခြင်း၊ ဆီးတွင်းပိုးဝင်ခြင်း၊ အရေပြားအနာပေါက်ခြင်း စသည်ဖြင့် ဖြစ်ပွားနိုင်သည်။

သုတေသနရလဒ်များအရ ဆီးချိုရောဂါရှိသူများသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရနိုင်ခြေနှင့် သေဆုံးနိုင်ခြေ အမြင့်မားဆုံးသူများ ဖြစ်ကြသည်။ ထို့ပြင် အမျိုးအစား-၂ ဆီးချိုရောဂါရှိသူချင်း အတူတူမှာပင် အမျိုးသားများက အမျိုးသမီးများထက် သေဆုံးနိုင်ခြေ ၁ ဒသမ ၆၁ ဆ ပိုနေသည်။ ဆီးချိုရောဂါဆေးဝါးများ၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ကျောက်ကပ်ပျက်စီးနိုင်ပြီး အဆိုပါ ကျောက်ကပ် လုပ်ဆောင်မှုပျက်စီးသူ (Renal Failure) များက ကျောက်ကပ် လုံးဝကောင်းနေသူထက် သေဆုံးနိုင်ခြေသည်လည်း ၄ ဒသမ ၉၁ ဆ ရှိသည်။ ထို့ကြောင့် ဆီးချိုရောဂါဝေဒနာသည်များနှင့် ၎င်းမိသားစုဝင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါမဖြစ်အောင် အထူးသတိပြု၍ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကြိုတင်ကာကွယ်ပြုမူနေထိုင်သင့်ပြီး ကိုဗစ်ကာကွယ်ဆေးများကိုလည်း မပျက်မကွက်ထိုးနှံထားသင့်သည်။ သို့ပါ၍ မိသားစုဘဝကျန်းမာရေးကောင်းမွန်စေမည့် နည်းလမ်းများကျင့်သုံးကာ ဆီးချို သွေးချိုရောဂါမဖြစ်အောင် ကာကွယ်ထိန်းသိမ်းကြစေရန် တိုက်တွန်းလိုက်ရပါသည်။

# ပန်းချီဆရာခုနစ်ဦး၏ Top 7 အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ Art & Creation Zone Gallery တွင် ပန်းချီဆရာခုနစ်ဦး၏ Top 7 အွန်လိုင်းပန်းချီပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီအောင်ကောင်းထက်က ပြောပြ၍ သိရသည်။

အဆိုပါပြပွဲတွင် ပန်းချီဆရာများဖြစ်ကြသည့် ပန်းချီအောင်ကောင်းထက်၊ ပန်းချီ ဝေဝေမာ၊ ပန်းချီ ငြိမ်းအေးစံ၊ ပန်းချီ သက်ဦး၊ ပန်းချီ မြင့်မြင့်ဆွေ၊ ပန်းချီ သိန်းစိုးကျော်၊ ပန်းချီ အောင်ကြည်ဆွေတို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာစုံပန်းချီကား ၃၅ ကား ပြသသွားမည်ဖြစ်ပြီး ပြခန်းသို့လည်း နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ ပန်းချီပြပွဲရဲ့ ထူးခြားချက်ကတော့ ပြသထားတဲ့ ပန်းချီကားအားလုံးက ရောင်းချဖို့မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ လက်ရာတွေကို ကြည့်ရှုအကဲဖြတ်မှတ်ချက်ပေးဖို့ ဖြစ်ပါတယ်။ အားလုံးပန်းချီလောကရဲ့ မျက်နှာသစ်တွေရဲ့ ပထမဆုံးအကြိမ်ပြပွဲဖြစ်ပါတယ်။ အားလုံးက ကျောင်းဆင်းတွေမဟုတ်ကြပါဘူး။ ဝါသနာရှင်တွေချည်းပါပဲ။ ပန်းချီသင်တန်းတွေတက်ရင်း မြင်ဆရာတွေနဲ့ ပန်းချီလောကကို ထဲထဲဝင်ဝင် ဝင်ရောက်နိုင်ဖို့ ကြိုးစားနေကြသူတွေပါ"ဟု ပန်းချီ အောင်ကောင်းထက်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသထားမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၂၄× ၃၀) လက်မ (၂၄× ၂၄) လက်မ၊ (၂၀×၃၀) လက်မ၊ (၁၈×၃၆) လက်မ၊ (၁၅×၂၂) လက်မ၊ (၁၁×၁၅) လက်မ စသည့်အရွယ်အစားအစုံ ပန်းချီကား ၃၅ ကား ပြသသွားမည်ဖြစ်ပြီး ဈေးနှုန်းသတ်မှတ်ထားခြင်းမရှိဘဲ သီးသန့်ပြသသည့်ပန်းချီပြပွဲသာဖြစ်ကြောင်း သိရသည်။

ASH

# Stepdude ဟာသဇာတ်ကားကို ဒါရိုက်တာ အားရစ်အက်ပဲ ရိုက်ကူးမည်

**နယူးယောက် နိုဝင်ဘာ ၁၃**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Stepdude အမည်ရှိ ဟာသဇာတ်ကားကို ဒါရိုက်တာ အားရစ်အက်ပဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။


Stepdude ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ အားရစ်အက်ပဲကပင် တာဝန်ယူရေးသားပေးထားသည်။

လက်ရှိတွင် ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Stepdude ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို လျှို့ဝှက်ထားဆဲဖြစ်သည်။

ဒါရိုက်တာ အားရစ်အက်ပဲသည် Weird:The AI Yan Kovic Story အမည်ရှိ ဇာတ်ကားကို ဆိုနီကုမ္ပဏီအတွက် မကြာသေးမီကမှ ရိုက်ကူးပေးခဲ့ပြီးဖြစ်သည်။

ဒါရိုက်တာ အားရစ်အက်ပဲသည် ယခင်ကလည်း ဟာသရုပ်သံဇာတ်ကားများနှင့် ဇာတ်လမ်းတွဲများကို ရိုက်ကူးခဲ့ဖူးသူဖြစ်သည်။

Stepdude ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် ဇာတ်ကောင်များနှင့် ဇာတ်ကားရုံတင်ပြသမည့်ရက်တို့ကို ဆိုနီကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO




# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက တစ်ရောင်ခြယ်ယွန်းကွမ်းအစ်များ မှာယူလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက တစ်ရောင်ခြယ်ယွန်းကွမ်းအစ်များ မှာယူလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူခြင်းဖြစ်ပြီး ယခုလဆန်းပိုင်းတွင် တစ်ရောင်ခြယ်ယွန်းကွမ်းအစ်များကို ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တင်ပို့ပေးသွားရန်ရှိကြောင်း သိရသည်။

"သူတို့ ဒီလအတွက် မှာတာတော့ ယွန်းထည်တစ်ရောင်ခြယ် ကွမ်းအစ်ကလေးတွေပါ။ အရွယ်အစားကတော့ ခြောက်လက်မ၊ ခုနစ်လက်မ အစားစားပါ။ ဒီလ မကုန်ခင် ယွန်းကွမ်းအစ်အရေအတွက် ၄၀၀ တင်ပို့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်တွင်းရောင်းဈေးကတော့ ယွန်းကွမ်းအစ်တစ်ခုကို အရွယ်အစားအလိုက် ငွေကျပ် ၂၂၀၀၀ ကနေ ငွေကျပ် ၂၆၀၀၀ ထိ ကျသင့်မှာဖြစ်ပါတယ်" ဟု ဦးမောင်မောင်အေးက ပြောပြသည်။



မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းများကို ပြည်တွင်းရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသာမက မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် နိုင်ငံများရှိ နယ်စပ်မြို့များတွင် ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။ ASH

# Black Panther: Wakanda Forever ဇာတ်ကား နှစ်ရက်တာအတွင်း ပြည်တွင်းဝင်ငွေ ကန်ဒေါ်လာ ၈၄ သန်းရရှိ

**နယူးယောက် နိုဝင်ဘာ ၁၃**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Black Panther: Wakanda Forever ဇာတ်ကားစတင်ပြသသည့် နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက် နှစ်ရက်တာအတွင်းမှာပင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၈၄ သန်းထိ ရရှိထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၂ ရက်တွင် ရေးသားတင်ပြထားသည်။

အထက်ပါဝင်ငွေပမာဏအရ Black Panther: Wakanda Forever ဇာတ်ကားသည် ၂၀၂၂ ခုနှစ်၏ အဖွင့်ဝင်ငွေ ဒုတိယအများဆုံးဇာတ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ရုပ်ရှင်ဈေးကွက် ကျွမ်းကျင်သူများ၏အဆိုအရ Black Panther: Wakanda Forever ၏ နိုဝင်ဘာ ၁၃ ရက်ထိ ရရှိနိုင်မည့် ပြည်တွင်းဝင်ငွေ စုစုပေါင်းမှာ အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၇၅ သန်းထိ ရှိလာနိုင်သည်။

Wakanda Forever ဇာတ်ကားသည် Black Panther ဇာတ်ကား(2018) ၏ နောက်ဆက်တွဲဇာတ်ကားဖြစ်သည်။

Black Panther: Wakanda Forever ဇာတ်ကားကို ဒါရိုက်တာ ရိုင်ယန်ကိုးဂလားက တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ကြောင်း သိရသည်။

KKO




# ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ရွှေချည်ထိုးရုပ်သေးရုပ်များ အရောင်းသွက်နေ

**ပဲခူး နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် အရွယ်အစားစုံ၊ အရောင်စုံ ရွှေချည်ထိုးရုပ်သေးရုပ်များ အရောင်းသွက်နေကြောင်း ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ရတနာစံအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာပိုင်ရှင် ဒေါ်ရတနာစံက ပြောပြ၍ သိရသည်။

လက်ရှိ ပဲခူးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သည် ရွှေမော်ဓောဘုရားကြီးဘုရားဈေးတန်း၊ ကမ္ဘောဇသာဒီနန်းတော်နှင့် ပဲခူးမြို့ပေါ်ရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များဖြစ်ကြောင်း၊ အဆိုပါ ဆိုင်များတွင် ယခုနှစ် သီတင်းကျွတ်ကာလမှစတင်ကာ ယနေ့ထိ အရောင်းသွက်နေကြောင်း သိရသည်။

"ဈေးကွက်အခြေအနေကတော့ ဘုရားကြီး (ရွှေမော်ဓောဘုရား) ဈေးနဲ့ ကမ္ဘောဇသာဒီနန်းတော်က ဈေးတန်းနဲ့ မြို့ပေါ်က အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေမှာ သီတင်းကျွတ်ပိတ်ရက်တွေကစပြီး အရောင်းပြန်သွက်လာတယ်လို့ ပြောလို့ရပါတယ်။ ပြည်တွင်းခရီးသွားတွေ များလာတဲ့အတွက် ရောင်းအားပြန်တက်နေပါတယ်။ အခုလပိုင်းအတွင်းမှာ အရောင်းသွက်နေတာကတော့ အရွယ်အစားစုံ၊ အရောင်စုံရွှေချည်ထိုးရုပ်သေးရုပ်ကလေးတွေပါပဲ" ဟု ဒေါ်ရတနာစံက ပြောပြသည်။

အဆိုပါ ရွှေချည်ထိုးရုပ်သေးရုပ်များမှာ အရွယ်အစားအားဖြင့် ခြောက်လက်မမှ ကိုးလက်မထိရှိပြီး မင်းသား၊ မင်းသမီး၊ ပုဏ္ဏား၊ ပုဏ္ဏား၊ သိကြားမင်း၊ ကိန္နရီကိန္နရာ စသည့်အရုပ်များ ဈေးကွက်အတွင်း ဝင်ရောက်ထားရာ ရွှေချည်ထိုးဝတ်စုံများမှာလည်း အစိမ်း၊ အပြာ၊ အနီ စသည်ဖြင့် ရောင်စုံပါရှိကြောင်း သိရသည်။

အဆိုပါ ရွှေချည်ထိုးရုပ်သေးရုပ်များမှာ အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၆၀၀၀ မှ ငွေကျပ် ၁၀၀၀၀ ခန့်ထိရှိပြီး ရုပ်သေးရုပ်တစ်ရုပ်လျှင် အရေအတွက် ၃၀၀ ခန့်ထိ ရောင်းချနေရကြောင်း သိရသည်။ ASH

# LED signs to be installed at the entrance of Kalaw to mark as a tourism capital


The entrance to Kalaw.

**Kalaw November 13**

LED signs will be installed at the entrance of Kalaw City as part of the process of implementing Kalaw as a tourist capital in 2022-2023 FY, according to reports from the Shan State Government.

Kalaw, in the southern region of Shan State, is close to Inle Lake and is a coffee plantation area, making it a popular local tourist destination.

Therefore, Kalaw was planned to be implemented as a tourist capital in order to attract more domestic and foreign tourists.

According to these plans, pine trees will be planted one by one in order to attract domestic and foreign tourists in Kalaw and surrounding areas.

It is said that 37,000 pine saplings are being planted this year, and 50,000 saplings are currently being planted.

In the rainy season of 2022, 65,000 pine trees are being planted to fill gaps in natural forests, restored and cultivated in plantations, and planted on the left and right side of Union Highway. 336

# Kachin State plans to plant over 6,000 acres of summer paddy next summer season

**Myitkyina November 13**

More than 6,000 acres of summer paddy will be planted in Kachin State in the next summer season, according to reports from the Department of Agriculture in Kachin State.

Although Kachin State is a region full of forests and mountains, it is a state that has many good conditions for farming and animal husbandry.

There are 774,000 acres of land that can be cultivated in Kachin State.

The water used for agriculture is obtained from rivers, creeks, ponds, lakes, and streams in the state.

As a result, the state can grow rice in rainy and summer seasons, and the state's food security is up to 120 percent.

According to these conditions, farming and breeding activities in Kachin State will be facilitated not only for local food security but also for commercial operation.

In addition, in order to be able to grow sunflowers as rain crops and winter crops in Kachin State, the department will also provide seeds and needs for the livestock sector. 336


A thriving paddy plantation.

# Maritime trade route exceeds more than US$10,000 million than border trade till end of October this FY

**Nay Pyi Taw November 13**

The Ministry of Commerce stated that Myanmar handled trade volume in shipping worth more than US$10,000 million up to end of October this fiscal year.

Myanmar manages trade with customer countries through land border and shipping. At present, maritime trade is larger than border trade in 2022-23 fiscal year.

During the seven month period from 1 April to end of October 2022 of the 2022-23 fiscal year, trade volume of Myanmar reached US$19,335.698 million comprising US$6,300.391 million worth of export and US$8,458.159 million worth of import goods in shipping, totalling US$14,758.550 million.

At the same time, export border trade was worth US$3,336.618 million comprising US$1,240.530 million of import volume, totalling US$4,577.148 million.

During the period, maritime trade pocketed US$14,758.550 million and border trade US$4,577.148 million. So, maritime trade exceeded US$10,181.402 million rather than the border export.

In this regard, Myanmar exported agricultural produce, animal products, marine products, minerals, forest products, finished industrial products and others and imported invested materials, working materials, personal goods and CMP raw materials. 336

# Mediterranean marine heatwaves threaten coastal livelihoods

**Kerkennah November 13**

A decade ago, Tunisian fisherman Ahmed Chelli's nets bulged with fish and octopus that he sold at the local market in the Kerkennah islands. Today, he pulls up only "ISIS" — the name locals have given to the blue crabs that have invaded their fishing grounds in the fast-warming waters of the Mediterranean.

"The fisherman, ... instead of finding fish to provide an income, he finds something that cuts his nets," Chelli complained.

For more than 70 days this summer, a marine heatwave cooked the waters of the western Mediterranean. It was the worst swelter for the western part of the basin in the last four decades, said marine ecologist Joaquim Garrabou at Spain's Institute of Marine Sciences, who monitors temperature gauges in the sea's near-coastal waters.

Temperatures climbed higher, and the heatwave lasted longer, than any other to hit the waters west of Sicily since record-keeping began in 1982, Garrabou said, based on preliminary findings from his analysis, shared exclusively with Reuters.

Reuters

# US midterms: Democrats retain control of Senate after key Nevada victory

**Washington November 13**

The Democrats will retain majority control of the US Senate after winning a pivotal race in the state of Nevada.

Senator Catherine Cortez Masto is projected to defeat Republican challenger Adam Laxalt, who was backed by former President Donald Trump.

The results amount to the best midterm performance for a sitting party in 20 years.

US President Joe Biden said he was incredibly pleased, and it was time for Republicans to decide "who they are".

Democratic Senate Majority leader, Chuck Schumer, said the results showed the American people had rejected what he called the "violent rhetoric" of the Republican Party.

The Democrats will now have 50 Senate seats, with Republicans currently on 49.

The remaining seat, Georgia, is going to a run-off in December. In the event of the Senate being divided equally between the two parties, Vice-President Kamala Harris has the casting vote.

Republicans could still take control of the US House of Representatives as votes continue to be tallied from a handful of districts after Tuesday's elections.

If the Republicans win the House they could still thwart much of Mr Biden's agenda.

BBC


Catherine Cortez Masto received a congratulatory call from President Biden after the result.

# Direct shipping route opened between Beibu Gulf Port and Yangon



Yangon port seen with container ships.

**Yangon November 13**

A direct shipping route from the Beibu Gulf Port in China to Yangon city of Myanmar has been officially opened, according to the Chinese Embassy to Myanmar in Yangon.

China opened the Beibu Gulf Port-RCEP (Regional Comprehensive Economic Partnership) regional waterway which will make a brief stopover at the Yangon Port, and four cargo ships will run weekly.

The ports of arrival are Qinzhou-Nansha-Shekou-Khlan-Yangon- Belawan-Khlan-Nansha-Shekou-Hai Phong-Qinzhou.

Nansha-Shekou-Khlan-Yangon- Belawan-Khlan-Nansha-Shekou-Hai Phong-Qinzhou.

The disclosure of the new waterway will densify the international maritime network between Beibu Gulf Port and RCEP region, contribute to more convenient export-import channels for goods, and reduce a lot of logistic and storage costs of businesses.

Export goods will reach Yangon, Myanmar, 12 days after the departure from the Qinzhou Port via the new waterway and the length of time the journey takes will be reduced by 40 per cent, according to the statement.

RCEP is a free trade agreement signed among Australia, Brunei, Cambodia, China, Indonesia, Japan, Laos, Malaysia, Myanmar, New Zealand, the Philippines, Singapore, South Korea, Thailand and Vietnam.

The Chinese Embassy said the successful arrival of the "SITC Venus" cargo ship at the Qinzhou port zone in Beibu Gulf Port, Guangxi Province, on 28 October was the successful opening of the Beibu Gulf Port-Myanmar direct waterway. 336

# 32 Myanmar companies registered with the GACC to legally export tissue-culture bananas to China

**Nay Pyi Taw November 13**

A total of 32 Myanmar companies have registered with the General Administration of Customs of the People's Republic of China (GACC) to be able to legally export tissue-culture bananas to China, according to U Ann Zawnee, the central executive of the Myanmar Tissue-culture Banana Growers and Exporters Association (Kachin State).

In Kachin State, tissue-culture banana has been grown as a poppy substitute crop since 2007, and is currently being exported to China as a poppy substitute crop through border trade.

"Kachin State's banana companies were registered with the GACC, and 32 companies were approved by the GACC in early November, so these companies are now allowed to export tissue-culture bananas regularly across the border. In order to legally export tissue-culture bananas from Myanmar to China, Myanmar signed a sanitary and phytosanitary measures (SPS) with the GACC on April 1. After that, the process of being able to officially register with the GACC," he said.

ASH



The archway of Kampaiti border trade camp in Kachin State.

# Trade volume from Myanmar-Thai border trade stations reaches up to US$ 2,674.66 m from Apr 1 to Oct 28

**Nay Pyi Taw November 13**

The trade volume from Myanmar-Thailand border trade posts reached US$ 2,674.66 million from April 1 to October 28 in 2022-2023 FY, according to Daw Cho Thet Mu, Deputy Director of the Trade Policy Division of the Department of Trade, Ministry of Commerce.

As such, the trading volume of Myanmar-Thai border trading posts is as per following: US$ 89 million from Techilek border trade post, US$ 1,300 million from Myawady border trade post, US$ 116.66 million from Kawthoung border trade post, US$ 63 million from Myeik border trade post, US$ 1,100 million from Hteekhe border trade post and US$ 6 million from Mawtaung border trade post, totaling US$ 2,674.66 million.

In order for Myanmar to carry out border trade activities with Thailand, Myawady, Techilek, Kawthoung, Myeik, Hteekhe, Mawtaung and Maese border trade posts have been opened and are carrying out border trading activities.

ASH

# Archaeological museums, cultural zones in Mandalay Region initiate public feedback program (PFP)

**Mandalay November 13**

The archaeological museums and cultural zones in Mandalay Region initiated the public feedback program (PFP) so as to catch attentions from a large number of people, said director (admin) U Aung Aung Kyaw of the Department of Archaeology and National Museum (Nay Pyi Taw).

The Public feedback program is being implemented at Inwa Archaeological museum, Inwa Archaeological zone, Mandalay Archaeological museum and library, Myanansankyaw Cultural Museum, and Mandalay Cultural Zone as of September 2022. During the two month period in September and October, more than 300 people participated in the program.

"The visitors to the museums and cultural zones may leave recommendations for observing objects, museums and cultural zones which are exercising the PFP. Officials from these institutions take names, telephone numbers and contact addresses. At a time when the museums and zones seek recommendations, they have to give their feedbacks. Their recommendations will be put on record in a systematic manner. We will review the recommendations," said the director.

A total of 120 people participated in the public feedback program in September and 155 in October. ASH

# More than 1,000 tons of fish export earns more than US$8 million at Kawthoung border trade camp from 2 to 4 November

**Kawthoung November 13**

The Ministry of Commerce stated that Kawthoung border trade camp handled export of more than 1,000 tons of fish worth more than US$1.8 million within three days from 2 to 4 November 2022.

Most of the people from Dawei, Myeik and Kawthoung districts are engaging in inshore and offshore fishery tasks. They also operate fish and shrimp farming tasks.

Seawater fishery products and that of fish and prawn farms are distributed to the foreign market via Yangon market as well as to Thai market via Myeik and Kawthoung border trade camps.

These marine products are directly exported to Ranong Market of Thailand from Kawthoung camp. In early November, Kawthoung camp sent 1,064 tons of marine products worth US$1.849 million to Ranong market.

On 2 November, 387 tons of fish earned US$0.399 million, 32 tons US$0.803 million on 3 November and 645 tons US$0.647 million on 4 November.

Kawthoung camp also emphasizes export of marine products, cashew seeds, onion, palm oil and other goods to Thailand.

It secured US$116.669 million in exportation till 28 October in 2022-23 fiscal year with US$91.265 million of trade surplus.

During the period, Kawthoung camp handled SU$103.967 million worth of export goods and US$12.702 million worth of import products, totalling US$116.669 million. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တရုတ်နိုင်ငံက FH-97A မောင်းသူမဲ့လေယာဉ်ကို Airshow China 2022 တွင် ပထမဆုံးအကြိမ်ထုတ်ဖော်ပြသ



နိုင်ငံပိုင် China Aerospace Science and Technology Corporation (CASC) လက်အောက်ရှိ Feihong ကုမ္ပဏီက တီထွင်ထားသည့် FH-97A သစ္စာရှိတောင်ပံကစားသမားဟု တင်စားခေါ်ဝေါ်သုံးနှုန်းလေ့ရှိကြသည့် အလိုအလျောက်မောင်းသူမဲ့လေယာဉ်ကို Airshow China 2022 တွင်ပထမဆုံးအကြိမ်ထုတ်ဖော်ပြသခဲ့သည်။ သို့သော် FH-97A သည် တရုတ်ကုမ္ပဏီက ပြသထားသည့် ဘိုးရင်း၏ MQ-28 Ghost Bat Drone ၏တစ်နည်းနည်းဖြင့်ပုံစံတူ Clone ဒရုန်းတစ်စီးလည်းဖြစ်သည်။ Kratos ကုမ္ပဏီ၏ XQ-58A Valkyrie ကို ကူးယူထားသည့် ပုံစံတူကို ယခင်က ထုတ်ဖော်ပြသခဲ့ပြီး Boeing Australia ၏ ဒီဇိုင်းပုံစံဖြင့် ထပ်မံပိုင်ဆိုင်ထားပြီဖြစ်ကြောင်း Joseph Trevitck က The Drive တွင် ရေးသားထားသည်။ Boeing ၏ ဩစတြေးလျ လက်အောက်ခံကုမ္ပဏီခွဲသည် တော်ဝင်ဩစတြေးလျ လေတပ်အတွက် Ghost Bat ဒရုန်းကို ပထမဆုံးတီထွင်ခဲ့သည်။ ယခုအခါတွင် အမေရိကန်လေတပ်သည် သုတေသန၊ ဖွံ့ဖြိုးတိုးတက်မှု၊ စမ်းသပ်မှုနှင့် အကဲဖြတ်မှုဆိုင်ရာကြိုးပမ်းမှုများကိုပံ့ပိုးပေးရန်အတွက် အနည်းဆုံးရှေ့ပြေးပုံစံတစ်စီးကို ပိုင်ဆိုင်နိုင်ပြီဖြစ်သည်။

သစ္စာရှိတောင်ပံကစားသမားသည် မကြာသေးမီနှစ်များအတွင်း UAV နယ်ပယ်တွင်အဓိကကျသောခေါင်းစဉ်တစ်ခုဖြစ်ခဲ့ပြီး အနာဂတ်တွင် မောင်းသူမဲ့တိုက်ခိုက်ရေးစနစ်၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ယူဆထားကြသည်ဟု ဒရုန်းဒီဇိုင်းပညာရှင် Deng Shuai က Global Times သို့ ပြောကြားခဲ့သည်။ FH-97 တိုက်ခိုက်ရေးဒရုန်းသည် ထောက်လှမ်းခြင်းနှင့် သုတေသနပြုခြင်း၊ ရှာဖွေဖော်ထုတ်ခြင်းနှင့် ခြေရာခံခြင်း၊ တည်နေရာအတိအကျဖော်ထုတ်ခြင်းများအပြင် အရေးပါသော အချက်အခြာ၊ အခြေခံအဆောက်အအုံများကို တိုက်ခိုက်နိုင်စွမ်းရှိသည့် တာလတ် ပျံ၊ မြန်နှုန်းမြင့်ဘက်စုံသုံး UAV အမျိုးအစားဖြစ်သည်။ အဆိုပါစနစ်သည် ရန်သူလှုပ်ရှားပစ်မှတ်များနှင့် တန်ဖိုးကြီးပစ်မှတ်များကို လျင်မြန်တိကျစွာတိုက်ခိုက်နိုင်ရန် သေးငယ်သော FH-901 ဒရုန်းများကိုပါ သယ်ဆောင်ပျံသန်းနိုင်သည်။

FH-97A သည် ကင်းထောက်ဒရုန်းသာမက ခဲယမ်းမီးကျောက်များသယ်ဆောင်ကာ တိုက်ခိုက်ရေးဒရုန်းလည်းဖြစ်သလို လေယာဉ်မှူးများအတွက် ဉာဏ်ရည်ထက်မြက်သော လက်ထောက်လေသူရဲတစ်ဦးလည်းဖြစ်သည်။ FH-97A ဒရုန်းအများအပြားကို အသုံးပြုခြင်းဖြင့် လေယာဉ်မှူးတစ်ဦး လေကြောင်းအခြေအနေ သတိရှိနိုင်မှုနှင့် တိုက်ခိုက်မှုနယ်ပယ်ကိုများစွာတိုးတက်စေနိုင်မည်ဖြစ်သည်။ loyal-wingman မောင်းသူမဲ့လေယာဉ်တစ်စင်းစီသည် လေကြောင်းတိုက်ပွဲများတွင် ဉာဏ်ရည်ထက်မြက်သော လေသူရဲတစ်ဦးဖြစ်လာနိုင်ပြီး ဒေသဆိုင်ရာတိုက်ခိုက်ရေးအချက်အလက်များကိုပါ ရယူနိုင်ခြင်း၊ ပိုမိုကျယ်ပြန့်သော စစ်မြေပြင်အခြေအနေတစ်ရပ်ကို စုစည်းလုပ်ဆောင်ရန် သတင်းအချက်အလက်များကို စစ်ထုတ်၊ ပေါင်းစည်းကာ ဆုံးဖြတ်ချက်များချရန် လေသူရဲများကို ကူညီပေးခြင်း၊ အန္တရာယ်များပြီး စွန့်စားရနိုင်ခြေမြင့်မားသော စစ်မြေပြင်ပတ်ဝန်းကျင်အခြေအနေများမှ လူသားလေသူရဲများကို လွတ်မြောက်စေခြင်းစသည်တို့ကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ခြင်းကြောင့် သမားရိုးကျလေသူရဲများဖြစ်လာနိုင်သည့်အပြင် လေကြောင်းအုပ်ဖွဲ့ပျံသန်းရေးအဖွဲ့ခေါင်းဆောင် အဖြစ်ပါ တာဝန်ပေးအပ်လာနိုင်မည်ဖြစ်ကြောင်း ဒရုန်းဒီဇိုင်နာအကြီးအကဲ Deng Shuai က Global Times သတင်းဌာနသို့ ပြောကြားခဲ့သည်။

"FH-97 မှာ Electro-Optical Payload က လေယာဉ်ကိုယ်ထည်အောက်မှာရှိပြီး FH-97A မှာကျတော့ Electro-Optical Payload က လေယာဉ်ကိုယ်ထည်အပေါ်ဘက်မှာ တပ်ဆင်ထားတာပါ။ အဲဒီလိုပဲ (Air Intake) လေဝင်ပေါက်ကလဲ FH-97 မှာ ကျောဘက်တင်ထားပြီး FH-97A မှာကျတော့ ဘေးဘက်မှာဖြစ်သွားပါတယ်။ ဒါ့ပြင် လက်နက်တပ်ဆင်မှုအပိုင်းမှာလဲ နည်းနည်းလေးကွဲသွားတာရှိပါတယ်။ FH-97A မှာ လေကြောင်းစစ်ဆင်ရေးဆင်နွှဲတဲ့အခါ လှုပ်ရှားစစ်ကစားမှုကောင်းကောင်းနဲ့ အရှိန်အဟုန်နဲ့ စစ်ဆင်နိုင်အောင် ဒီဇိုင်းထုတ်ထားပါတယ်။ FH-97 ရဲ့ Weapons Bay ကတော့ မြေပြင်တိုက်ခိုက်မှုအတွက်ပါ ရပါတယ်"ဟု ဒီဇိုင်နာချုပ် Deng Shuai က ပြောကြားခဲ့သည်။

**Airshow China 2022: CASC unveils FH-97A loyal wingman autonomous drone ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်ရေတပ်က အဆင့်မြှင့်တင်ထားသော စတုတ္ထမြောက် ရေတပ်သုံး NH90 MR1 ရဟတ်ယာဉ်ကို လက်ခံရရှိ

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ပြင်သစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန (MoD)က ထုတ်ပြန်သည့် တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် ရေးသားချက်များအရ ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီအနေဖြင့် စတုတ္ထမြောက် အဆင့်မြှင့်တင်ထားသော NH90 MR1 ရဟတ်ယာဉ်ကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

NH Industries NH90 ရဟတ်ယာဉ်သည် အလတ်စားအင်ဂျင်နှစ်လုံးတပ် ဘက်စုံသုံးစစ်သုံးရဟတ်ယာဉ်အမျိုးအစားဖြစ်သည်။ ၎င်းကို ပြင်သစ်နိုင်ငံ ရေတပ်တွင် အသုံးပြုနိုင်ရန်နှင့် NATO မဟာမိတ်အဖွဲ့များ၏ လိုအပ်ချက်များနှင့်အညီ စစ်ဘက်ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်စေရန် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

NH90 ကို NH Industries က တီထွင်ထုတ်လုပ်ထားသည်။ NH Industriesr မှာ Airbus Helicopters၊ Leonardo (ယခင် Agusta Westland) နှင့် Fokker Aerostructuresတို့ ပိုင်ဆိုင်သည့် ပူးပေါင်းကုမ္ပဏီတစ်ခုဖြစ်သည်။ ပထမဆုံးရှေ့ပြေးပုံစံကို ၁၉၉၅ ခုနှစ် ဒီဇင်ဘာလတွင် ပထမဆုံးပျံသန်းမှုပြုလုပ်နိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် စတင်တပ်ဖြန့်အသုံးပြုနိုင်ခဲ့သည်။

NH90 ရဟတ်ယာဉ်သည် Fly-by-wire စနစ်ဖြင့် ပျံသန်း၊ ထိန်းချုပ်မှုအပြည့်အဝလုပ်ဆောင်နိုင်သည့် ပထမဆုံးရဟတ်ယာဉ်လည်းဖြစ်သည်။ စစ်ဘက်အသုံးပြုရန်အတွက် နည်းဗျူဟာမြောက်သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ် -Tactical Transport Helicopter (TTH) နှင့် NATO စံနှုန်းဖြင့် ရေတပ်သုံးဖရီးဂိတ်တင် NATO Frigate Helicopter (NFH) ဟူ၍ နှစ်မျိုးရှိသည်။ ဝယ်ယူသည့်နိုင်ငံအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင်လိုအပ်ချက်များနှင့်ကိုက်ညီစေရန် မတူညီသောလက်နက်များ၊ အာရုံခံကိရိယာများနှင့် ရဟတ်ယာဉ်လေသူရဲခန်းအတွင်း အစီအမံများကဲ့သို့သော ၎င်းတို့၏ကိုယ်ပိုင် NH90 များအတွက် အမျိုးမျိုးသောပြောင်းလဲမှုများနှင့် စိတ်ကြိုက်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်မည်လည်းဖြစ်သည်။



NH90 ရဟတ်ယာဉ်သည် ရာသီဥတုမရွေး၊ နေ့၊ ညမရွေးပျံသန်းစစ်ဆင်နိုင်စွမ်းရှိပြီး ပတ်ဝန်းကျင်အပူချိန် 40°C မှ 50°C ထိ ပင်လယ်ကမ်းဝေးစစ်ဆင်ရေးများကို လိုက်ပါ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ အများဆုံး အမြင့်ပေ ၂၀၀၀၀ ကျော်ထိပျံသန်းနိုင်သည်။

အင်ဂျင်ပိုင်းတွင် (Turboshaft) တာဘိုရှပ်အင်ဂျင်တစ်စုံက ပံ့ပိုးပေးထားပြီး ဝယ်ယူသူအကြိုက် ရွေးချယ်မှုအပေါ်မူတည်ကာ NH90 ကို Rolls-Royce Turbomeca RTM322 သို့မဟုတ် General Electric CT7-8F အင်ဂျင်များနှင့်လည်း တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါအင်ဂျင်များသည် အင်ဂျင်များမှထွက်သော ဓာတ်ငွေ့များကိုအာရုံခံမြင်နိုင်စွမ်းကျဆင်းစေရန် အနီအောက်ရောင်ခြည်ဖိနှိပ်မှုစနစ်ဖြင့် စစ်ထုတ်ထားသည်။

NH90 ရဟတ်ယာဉ်တွင် ဒုံးကျည်ဒဏ်ခံနိုင်ရည်ရှိမှု၊ ထိခိုက်ပျက်စီးမှုအာမခံချက်မြင့်မားခြင်း၊ အလေးချိန်ပေါ့ပါးမှုနှင့် သတ္တုရောစပ်ထားသော ခံနိုင်ရည်ထက် ၃၀ ရာခိုင်နှုန်း ပိုမိုခံနိုင်ရည်ရှိရန်အတွက် ဒီဇိုင်းထုတ်ထားသည့် (Composite Air-frame) အဆင့်မြင့် ပေါင်းစပ်ရဟတ်ယာဉ်ကိုယ်ထည်ကို အသုံးပြုထားသည်။

(Rotor Blade) ပင်မပန်ကာဒလက်လေးခုကိုလည်း ပေါင်းစပ်ပစ္စည်းများဖြင့် ဖွဲ့စည်းထားပြီး အမြင့်မားဆုံးစွမ်းဆောင်ရည်ရှိမှုနှင့် သက်တမ်းကို ပိုမိုမြင့်မားစေပြီး ပျက်စီးဆုံးရှုံးမှုကို ခံနိုင်ရည်ရှိစေသည်။

**French Navy receives its fourth NH90 MR1 upgrade helicopter ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ယခုနှစ် စစ်ကိုင်းခရိုင်အတွင်း ဆီထွက်သီးနှံ ၁၆၂၁၇၈ ကေစိုက်ပျိုးပြီးစီး



ယခင်နှစ်က အောင်မြင်ဖြစ်ထွန်းခဲ့သော နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း နိုဝင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် ၁၆၂၁၇၈ ကေ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ စစ်ကိုင်းခရိုင်တွင် ဆီထွက်သီးနှံကေ ၂၁၃၃၂၇ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် စက်တင်ဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၂၁၇၈ ကေစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်တွေမှာ ဆီထွက်သီးနှံစုံ ၂၁၃၃၂၇ ကေ စိုက်ဖို့လျာထားပါတယ်။ အခု လက်ရှိအချိန်မှာတော့ ၁၆၂၁၇၈ ကေ စိုက်ပျိုးပြီးသွားပါပြီ။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီ ဖူလုံရေးနဲ့ ဆီထွက်သီးနှံတိုးတက်ရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် ဆီထွက်သီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၄၅၆၄၃ ကေ၊ နှမ်း ၉၆၁၁၈ ကေ၊ နေကြာ ၁၉၃၁၅ ကေ၊ ပန်းနှမ်း ၁၁၀၂ ကေ စုစုပေါင်း ၁၆၂၁၇၈ ကေ ရာခိုင်နှုန်းအနေဖြင့် ၇၆ ဒသမ ၀၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေးအတွက် သဘာဝပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေး၊ ဓာတ်မြေဩဇာသုံးစွဲတတ်ရန်နှင့် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ကျိုက်မရောမြို့နယ် မြကုန်းကျေးရွာ၌ သီးနှံယိုအမျိုးမျိုးနှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

**ကျိုက်မရော နိုဝင်ဘာ ၁၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်နေ အမျိုးသမီးများအလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်များတိုးပွားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသီးနှံယို အမျိုးမျိုးနှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက နိဒ်ုကျေးရွာအုပ်စု မြကုန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝင်းနိုင်၊ မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အိကလျာနိုင်တို့က အမှာစကားပြောကြားသည်။



ဆက်လက်၍ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားတာ တက်ရောက်ကြသည့် သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။

အဆိုပါသင်တန်းကို ကျိုက်မရောမြို့နယ်အတွင်းရှိ နိဒ်ုကျေးရွာ၊ မြကုန်းကျေးရွာ၊ ခြံကုန်းကျေးရွာ၊ ဦးလေးကျေးရွာ၊ ပန်းကုန်းကျေးရွာတို့မှသင်တန်းသူ ၁၅ ဦးကို ကျွမ်းကျင်နည်းပြနှစ်ဦးက သီးနှံယိုအမျိုးမျိုးဖြစ်သည့် သင်္ဘောသီးယို (အချို/ချဉ်စပ်)၊ မရန်းယို (အချို/ချဉ်စပ်)၊ စောင်းလျားသီးယို(အချို/ချဉ်စပ်)၊ နာနတ်ယို၊ ကျောက်ဖရုံယို၊ ကွဲကောသီးယိုများနှင့် တန်ဖိုးမြှင့် စားသောက်ကုန်များဖြစ်သည့် ရှောက်ပျားဖျော်ရည်အဆီ၊ နာနတ်ဖျော်ရည်အဆီ၊ မန်ကျည်းဖျော်ရည်၊ နာနတ်သီးဖျော်ရည်၊ နာနတ်ဝိုင် စသည့်ဘာသာရပ်များကို ငါးရက်ကြာ စာတွေ့လက်တွေ့အခမဲ့ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဦး**

# တောင်တွင်းကြီးမြို့နယ် သီလကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သီလကျေးရွာတွင်ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာကော်မတီ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ သီလကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် လမ်းအရည်အသွေးပြည့်မီမှု ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါသီလကျေးရွာတွင် လမ်းအရှည် ငါး ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၇၅ သန်းဖြင့်၊ ဩဂုတ်လ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သီလကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၁၀၂ အိမ်၊ လူဦးရေ ၆၉၄ ဦးတို့၏ စိုက်ပျိုးမြေကေ ၄၀၀ ကျော် အကျိုးပြုနိုင်မည်ဖြစ်ပြီး အဆိုပါစိုက်ပျိုးမြေများမှထွက်ရှိသောထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**သူသူ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၃-၁၁-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၈၀၀/၇၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၆၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၀၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့၌ မင်္ဂလာလင်္ကာရသာမဏေကျော် စာမေးပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်



မင်္ဂလာလင်္ကာရသာမဏေကျော်စာမေးပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ မင်္ဂလာဂုဏ်ရည် မဟာစည်တောရရိပ်သာမင်္ဂလာဂုဏ်ရည် မုဒုံမောင်မောင်မဟာဓမ္မဗိမာန်တော်ကြီး၌ ယနေ့နေ့လယ်ပိုင်းတွင် မင်္ဂလာလင်္ကာရသာမဏေကျော်စာမေးပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ရာ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ ရွှေကိုးစေတီတော်ဂေါပကအဖွဲ့ကြီး၏ သြဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မင်္ဂလာဂုဏ်ရည်ဆရာတော် ဘဒ္ဒန္တကောဝိဒက အစည်းအဝေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားမိန့်ကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ်တို့ကလှူဒါန်းသောအလှူငွေများကို စာမေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး စာမေးပွဲဖြေဆိုမည့်ရက်များတွင် သံဃာတော်များ၏ ဆွမ်းကိစ္စ၊ ကျန်းမာရေးနှင့် အခြားလိုအပ်သည့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၃**

နေပြည်တော်ကောင်စီကကြီးမှူးကျင်းပသည့် ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် သာယာကုန်းကျောင်းတိုက်၌ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရှားတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရအရှင်သူမြတ် အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဇနီး ဒေါ်မေမြင့်မောင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ဧည့်ပရိသတ်များက ဇမ္ဗူသီရိမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရှားတောကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထား၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုးနှင့် ပရိတ်ရေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော်၊သံဃာတော်များဦးဆောင်၍ ဧည့်ပရိသတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကာ ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဇမ္ဗူသီရိမြို့နယ်လုံးဆိုင်ရာ ဒုတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ ၁၇ရက်ထိ ငါးရက်တိုင်တိုင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကမ္ဘာ့သမိုင်းဝင်မြို့တော်များညီလာခံတက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၃**

ကိုရီးယားသမ္မတနိုင်ငံ အင်ဒုံမြို့တော်ဝန်၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အင်ဒုံမြို့ အင်ဒုံအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်ထိကျင်းပမည့် (၁၈) ကြိမ်မြောက် ကမ္ဘာ့သမိုင်းဝင်မြို့တော်များ ညီလာခံ (18th World Conference of Historical Cities)သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူးဦးညွန့်ဖေနှင့် ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ကမ္ဘာ့သမိုင်းဝင်မြို့တော်များ ညီလာခံကို အင်ဒုံမြို့တော်နှင့်အတူ သမိုင်းဝင်မြို့တော်များအဖွဲ့(The League Of Historical Cities-LHC)က ပူးတွဲကျင်းပခြင်းဖြစ်ပြီး LHCသည် ၁၉၈၇ ခုနှစ်မှစတင်၍ ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်ကာ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးပုံပေါ်လာစေရန်နှင့် လူသားအမွေအနှစ်နှင့် သမိုင်းဝင်မြို့တော်များကို ထိန်းသိမ်းမြှင့်တင်ပေးရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ရန်ကုန်မြို့သည် ရှေးဟောင်း သမိုင်းအမွေအနှစ်များအပြင် သမိုင်းကြောင်းအရလည်းကောင်း၊ ထူးခြားသည့် ကိုလိုနီခေတ်ဗိသုကာလက်ရာများအရ အရှေ့တောင်အာရှ၏ မြို့ပြအမွေအနှစ်အဆောက်အအုံများစွာ ပိုင်ဆိုင်ထားခြင်းကြောင့် LHC ၏ အဖွဲ့ဝင်မြို့ဖြစ်သည့် ရန်ကုန်မြို့ကို မြန်မာနိုင်ငံ၏ အမွေအနှစ်များနှင့် သမိုင်းဝင်အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့် အစိုးရမူဝါဒများကိုလေ့လာမျှဝေနိုင်ရန် ဖိတ်ကြားခြင်းဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တော်ဝန်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီရုံးဌာနမှူး ဦးညဏ်လင်းစိုးနှင့် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးလင်းခိုင်တို့ လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ■ စားအုန်းဆီမှအဆက်

နိုဝင်ဘာ ၁၄ ရက်မှ ၂၀ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၄၃၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page ၌ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၄-၁၁-၂၀၂၂ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၇း၂၅ | ဇာဒင်တစ်ပတ်စာ |
| ၂။ | ၀၉း၁၅ | အမှတ်တရနေ့ |
| ၃။ | ၁၂း၁၅ | Music Time (Special) |
| ၄။ | ၁၆း၅၀ | သွေးချင်းတို့ဌာနေ |
| ၅။ | ၂၁း၄၀ | အသံလွှင့်ဇာတ်လမ်း |

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မကွေးတိုင်းဒေသကြီးအတွင်း သစ်တောလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီးအနေဖြင့်၂၀၂၃ မိုးရာသီတွင် ဆောင်ရွက်မည့် သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးခြင်းနှင့် လူထုဖြန့်ဝေခြင်းများအတွက် သစ်မျိုးစုံပျိုးပင် သုံးသန်းခွဲကျော် ပျိုးထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသစ် တည်ဆောက်ပြီးစီးမှုနှင့် တိုင်းမြို့မအမြဲတမ်းပျိုးဥယျာဉ်အတွင်း ၂၀၂၃ မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးထောင်ထားသော တမာပျိုးပင် ၅၀၀၀ နှင့် အပူပိုင်းသစ်မျိုးပျိုးပင် ၃၃၀၀၀ ကျော် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မကွေးမြို့နယ် ဒေါင်းနေ တိုးချဲ့ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်စိုက်ပျိုးထားသော ၁/၂၀၂၀ ကျေးရွာထင်းစိုက်ခင်း ယူကလစ် ဧက ၂၀ ရှင်သန်အောင်မြင်မှုနှင့် ဒေါင်းနေအမြဲတမ်းပျိုးဥယျာဉ်အတွင်း ယူကလစ်၊ ရှား၊ ဒဟတ်၊ ကုက္ကိုနှင့် ဖျောက်ဆိပ်အပါအဝင် အပူပိုင်းသစ်မျိုးပျိုးပင် ၁၂၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရေနံချောင်းမြို့နယ် နတ်ကန်ဦးကြိုးပြင်ကာကွယ်တောရှိ ရေနံချောင်းမြို့နယ် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်းသို့ရောက်ရှိပြီး ၂၀၂၀ ဖြည့်စွက်အထူးစိမ်းစိုက်ခင်းအပင် ၁၂၀၀၀ ရှင်သန်ကြီးထွားမှု၊ ၂/၂၀၂၂ ဖြည့်စွက် အထူးစိမ်းစိုက်ခင်းအပင် ၁၁၀၀၀ အောင်မြင်ဖြစ်ထွန်းနေမှု၊ နတ်ကန်ဦးနှင့်ယင်းမာချောင်း သဘာဝတောကျန်ဧက ၂၀၀၀ ထိန်းသိမ်းကာကွယ်ထားမှုနှင့် သဘာဝတောကျန်များ တိုးတက်ကောင်းမွန်လာမှု၊ ၂၀၂၂ စံပြတမာစိုက်ခင်းဧက ၂၀ အောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရေနံချောင်း အထူးစိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ခဲ့ပြီး သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ ဒေသခံပြည်သူများကို သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လာစေရန် အသိပညာပေးခြင်း၊ တောကျန်ကွက်လပ်နေရာများ၌ ဖြည့်စွက်စိုက်ပျိုးခြင်း၊ သစ်မျိုးအလိုက် ရှင်သန်ကြီးထွားမှုနှင့် ဒေသနှင့်ကိုက်ညီမှု သုတေသနပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမည္ဘိနိုင်းအစည်းအဝေး ပထမနေ့နှင့် ဒုတိယနေ့သို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာ့အေးကုန်းမြေရှိ အကြီးစားပြင်ဆင်မွမ်းမံဆောင်ရွက်နေသော မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် အရည်အသွေးစံမီသော သတ်မှတ်ပစ္စည်းများသုံးစွဲရေးတို့ကို တာဝန်ရှိသူများကို မှာကြားကာ ဓာတ်လှေကားအသစ်တပ်ဆင်ပြီးစီးမှုနှင့် လေအေးပေးစက်များအသစ်လဲလှယ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေးကျင်းပမည့် ဝိဇယမင်္ဂလာဓမ္မသဘင်သို့ရောက်ရှိပြီး အစည်းအဝေးအတွက် ခင်းကျင်းပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကမ္ဘာ့အေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီးသို့ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဝန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသကိုဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သန်လျင်မင်းကျောင်းပထမပြန်ကျောင်းတိုက်သို့ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသကို ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းနှင့်နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာ့အေးကုန်းမြေ မဟာနာယကကျောင်းတော်ကြီး၏ ဘုရားခန်းမ၌ ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမည္ဘိနိုင်းအစည်းအဝေး ပထမနေ့နှင့် ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမည္ဘိနိုင်းအစည်းအဝေးဒုတိယနေ့သို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ စာကြည့်တိုက် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံ




**နေပြည်တော် နိုဝင်ဘာ ၁၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့သို့ ရောက်ရှိပြီး ထားဝယ်မြို့မှ မြိတ်မြို့သို့သွားသည့် ဘုရားကြီး- မော်လမြိုင်- ထားဝယ်- မြိတ်- ဘုတ်ပြင်း- ကော့သောင်းလမ်း (သရက်ချောင်းနှင့် ထားဝယ်) လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ ၁၆ က တာဝန်ယူဆောက်လုပ်နေသည့် ထားဝယ်စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်ရန်ကျန်လုပ်ငန်းများကို စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊ သတ်မှတ်ချိန်ပြီးစီးရေး၊ လက်ရာသေသပ်ကောင်းမွန်ရေးနှင့် အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်မြို့လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အဆောက်အအုံဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်ထမ်းဆောင်ချိန်တွင် ဒေသခံပြည်သူများ၏ အားကိုးယုံကြည်သည့် ဝန်ထမ်းကောင်းဖြစ်အောင် ကြိုးစားနေထိုင်ကြရန်နှင့် လူပုဂ္ဂိုလ်လုံခြုံရေး၊ စက်၊ ယာဉ်ယန္တရားနှင့် ရုံး၊ အဆောက်အအုံ လုံခြုံရေးတို့ကို ဂရုစိုက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ဦးစီးဌာနအလိုက် တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ထားဝယ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၌ ဦးစီးဌာနအလိုက် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာအတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများကို သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်လှစ်



**နေပြည်တော် နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး(အရှေ့) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ၊ ဆရာမများကို သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး အရည်အသွေးမြှင့်မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးလွင်က သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့တာဝန်ရှိသူများက ပဲခူးတက္ကသိုလ်မှ သင်တန်းနည်းပြများနှင့် သင်တန်းသားဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စာသင်ခန်းများအတွင်း သင်ခန်းစာများ သင်ယူ၊ သင်ကြားနေမှုတို့ကို လိုက်လံကြည့်ရှုသည်။

အဆိုပါသင်တန်းကို ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်ခရိုင်တို့မှ ဓာတုဗေဒဘာသာရပ်အတွက် ဆရာ၊ဆရာမ ၃၄၆ ဦး၊ ရူပဗေဒဘာသာရပ်အတွက် ဆရာ၊ ဆရာမ ၅၉၃ ဦး၊ ဇီဝဗေဒဘာသာရပ်အတွက် ဆရာ၊ဆရာမ ၄၀၅ ဦး တက်ရောက်သင်ယူကြမည်ဖြစ်ပြီး ပဲခူးတက္ကသိုလ်မှ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒဌာနတို့ရှိ ပါမောက္ခများ၊ ဌာနမှူးများက တာဝန်ယူကာ နိုဝင်ဘာ ၁၂၊ ၁၃၊ ၁၉၊ ၂၀၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)တွင်လည်း ပြည်တက္ကသိုလ်မှ ပါမောက္ခများ၊ ဌာနမှူးများက တာဝန်ယူပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူများရရှိစေမည့် ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် တိုက်ပွဲဝင်စွမ်းဆောင်ရည်စစ်ဆေးမှုပြိုင်ပွဲ

တပ်မတော်တွင် ပထမဦးဆုံးအကြိမ် ကျင်းပသည့် ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် တိုက်ပွဲဝင် စွမ်းဆောင်ရည်စစ်ဆေးမှုပြိုင်ပွဲ (ဗဟိုအဆင့်)ကြီးကို နေပြည်တော်တွင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ပြိုင်ပွဲနှင့် ပတ်သက်၍ အမှတ်တရများနှင့်ကြုံကြိုက်ခဲ့၏။ နိုဝင်ဘာလဆန်းပိုင်း ဆောင်းဦးပေါက်ရာသီ အအေးဓာတ်ကိုမမှုအားဘဲ စာရေးသူဦးဆောင်သည့်အဖွဲ့သည် ပေးအပ်သောတာဝန်အရ သတ်မှတ်ရက်များအလိုက် ယှဉ်ပြိုင်ကြရမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အားကစားသမားများကို စုရပ်နေရာမှခေါ်ဆောင်ကာ ပြိုင်ပွဲကျင်းပသည့်နေရာသို့ ချီတက်ခဲ့ကြပါသည်။

ပြိုင်ပွဲကျင်းပရာနေရာသို့ရောက်သည်နှင့် ပြိုင်ပွဲဝင်တပ်မတော်သားများမှာ သွေးပူလေ့ကျင့်ခန်း ဆောင်ရွက်မှုများ ဆောင်ရွက်ကြလေသည်။ ကင်းပတ်ဖိနပ်အဖြူ၊ ဘောင်းဘီအဖြူ၊ စွပ်ကျယ်အဖြူဖြင့် မြင်တွေ့ရသော အားကစားသမားများကို မြင်ရချိန်တွင် စာရေးသူအနေဖြင့် ဗိုလ်လောင်းဘဝ under training ကာလကို သတိရမိပါသည်။ ချမ်းအေးလှသည့် ပြင်ဦးလွင်၏ ဆောင်းရာသီတွင် မနက်စောစော PT ပြေးခဲ့ရသည့်တပ်မတော်သားဘဝ အဦးအစများသည် မမေ့နိုင်ဖွယ်ရာ အမှတ်တရများအဖြစ် ကျန်ရစ်နေဆဲပါပင်။ မြင်တွေ့ရသော ဗဟိုအဆင့်ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် တိုက်ပွဲဝင်စွမ်းဆောင်ရည် စစ်ဆေးမှုပြိုင်ပွဲဝင်မည့် တပ်မတော်သားများ၏ မျက်နှာပြင်တို့ထက် မိမိကိုယ်မိမိယုံကြည်မှုနှင့်အတူ တက်ကြွရွှင်လန်းမှုများကပါ သိသိသာသာ ဖုံးလွှမ်းနေကြသည်ကို သတိပြုမိပါသည်။ ယုံကြည်မှုကို ဖက်တွယ်လျက် ရဲရဲရင့်ရင့်ယှဉ်ပြိုင်မည့် အသွင်သဏ္ဌာန်များက အအေးဓာတ်ကို အန်တုလျက်ရှိနေရှာ၏။

ဗိုင်အဖွဲ့များနှင့် ကြီးကြပ်သူများစုံလင်၍ သတ်မှတ်ချိန်ရောက်သော် "ရှိ"ခနဲ ပွဲကြီးကြပ်သူထံမှ စတင်ယှဉ်ပြိုင်နိုင်ကြောင်း ခရာရှည်သံကြားသည်နှင့် တစ်ပြိုင်နက် အသံချဲ့စက်ဆီမှ အားကစားသီချင်းသံမြိုင်မြိုင်က ထွက်ပေါ်လာသကဲ့သို့ ဇာတိသွေးဇာတိမာန်ထက်သန်စေသည့် တေးသီချင်းသံစဉ်များနှင့်အပြိုင် ပြိုင်ပွဲဝင် အားကစားသမားများကလည်း စတင်ယှဉ်ပြိုင်ကြလေတော့သည်။ သီချင်းသံများကြား ပြိုင်ပွဲသို့လိုက်ပါလာသည့် တိုင်း၊ တပ်မနှင့် လက်ရုံးတပ်ဖွဲ့အသီးသီးမှ တာဝန်ခံအရာရှိများ၊ အသင်းနည်းပြများ၏ တက်ကြွမာန်ပါသည့် အားပေးသံများကလည်း မနက်ခင်းနှင်းငွေ့များကို ပြယ်ပျောက်သွားစေသည်အထိ ရှိနေပါတော့သည်။ ပြိုင်ပွဲဝင်တပ်မတော်သားများ၏ ယှဉ်ပြိုင်နေမှုများအပေါ် သက်ဆိုင်ရာတပ်ဖွဲ့များအလိုက် တာဝန်ရှိသူများကလည်း လာရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်တို့၏ ကြိုးစားယှဉ်ပြိုင်မှုကို ဂုဏ်ပြုသောအားဖြင့် ဆုငွေများချီးမြှင့်သည်ကို တွေ့ရသည့်အတွက် စာရေးသူအနေဖြင့် ကြည်နူးပီတိဖြစ်မိရပြန်ပါသည်။




ယခုကျင်းပသည့် ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် တိုက်ပွဲဝင်စွမ်းဆောင်ရည် စစ်ဆေးမှုပြိုင်ပွဲသည် တပ်မတော်တွင် ပထမဆုံးအကြိမ်ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး နိုင်ငံတကာတပ်မတော်စွမ်းရည်ပြိုင်ပွဲများတွင် မြန်မာ့တပ်မတော်အနေဖြင့် အဆင့်အတန်းမီမီဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ကာ ကျင်းပသည့် ပြိုင်ပွဲတစ်ခုပင်ဖြစ်ပါသည်။ ဗဟိုအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများအား သက်ဆိုင်ရာဇုန်များအလိုက်မှ အရည်အချင်းမီသူများကို စနစ်တကျရွေးချယ်ခဲ့ကြခြင်းဖြစ်၏။ အထက်မြန်မာပြည်မှ ပြိုင်ပွဲဝင်ခဲ့ကြသည့် အသင်းများထဲမှ အကောင်းဆုံးအသင်း ငါးသင်း၊ အောက်မြန်မာပြည်မှ ပြိုင်ပွဲဝင်ခဲ့ကြသည့် အသင်းများထဲမှ အကောင်းဆုံးအသင်း ငါးသင်းစီဖြင့် အသင်း ၁၀ သင်း စုဖွဲ့ကာ ဗဟိုအဆင့်အား ထပ်မံယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ပါသည်။

ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားနည်းငါးမျိုးကို လေ့လာကြည့်ရာတွင် အထက်ဖမ်းဆွဲပြိုင်ပွဲ၊ ၃ ဒသမ ၂ ကီလိုမီတာ အပြေးတက်ပြိုင်ပွဲ၊ ဗိုက်သားပြိုင်ပွဲ၊ လက်ထောက်မှောက်ပြိုင်ပွဲ၊ တိုက်ပွဲဝင်စွမ်းဆောင်ရည်စစ်ဆေးမှု ပြိုင်ပွဲများဖြစ်သည်ကိုတွေ့ရှိရပါသည်။ ထိုအားကစားနည်းတိုင်းသည် မိမိတို့ တပ်မတော်သားများနှင့် ရင်းနှီးပြီးသော လေ့ကျင့်ခန်းများဖြစ်သည်ကို သတိပြုမိပါသည်။ သို့ရာတွင် စာရေးသူတို့ သတိမပြုမိသော စည်းမျဉ်းစည်းကမ်းများက အားကစားနည်းတိုင်းတွင် ရှိနေခဲ့သည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရပါသည်။ ထိုသောအခါ နည်းစနစ်တကျ စည်းကမ်းအတိုင်း ယှဉ်ပြိုင်ရသည့် အားကစားနည်းများ၏ ခက်ခဲနက်နဲမှုများကို သိရှိလာရပါတော့သည်။

နိုင်ငံတကာစံနှုန်းများအတိုင်း ယှဉ်ပြိုင်ရသောပြိုင်ပွဲဖြစ်၍ ပြိုင်ပွဲဝင်အားကစားသမားများအတွက် ပိုမိုခက်ခဲစေခဲ့ပါသည်။ သို့သော် မြန်မာ့တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်တွင် "အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်ဖြစ်သည်" ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ပြိုင်ပွဲဝင်တပ်မတော်သားတို့သည် လေ့ခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြကာ စံချိန်မှတ်တမ်းကောင်းများကို ဆွတ်ခူးလျက် အောင်ပန်းဆင်နိုင်ခဲ့ကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။

ယနေ့အချိန်တွင် မြန်မာ့တပ်မတော်အား အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်အဖြစ်တည်ဆောက်နေချိန်ဖြစ်ရာ ထိုသို့သော တပ်မတော်ဖြစ်စေရေးအတွက် ပညာရည်ပြည့်ဝခြင်းနှင့်အတူ ကြံ့ခိုင်သန်စွမ်းသော လူသားအရင်းအမြစ်များ မလွဲမသွေလိုအပ်ပါသည်။ **ကြံ့ခိုင်သန်စွမ်းမှုရှိစေခြင်း၏ အခြေခံအချက်မှာ စဉ်ဆက်မပြတ်လေ့ကျင့်ခန်းများဆောင်ရွက်ပေးခြင်းပင်ဖြစ်၏။ စောင်းသမားသည် စောင်းနှင့်ခုနစ်ရက်မျှကင်းကွာလျှင် စောင်းတီးအတတ်ပညာကင်းကွာတတ်သည်ဟူသော ဥပမာကို သတိပြုဆင်ခြင်လျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ရှေ့တန်းကျကျယူထားရသော တပ်မတော်သားများအနေဖြင့် မိမိတို့ သင်ကြားတတ်မြောက်ထားပြီးသော ပညာရပ်များအား မေ့ပျောက်သွားခြင်းမရှိစေရန် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့်အတိုင်း ဆောင်ရွက်သွားကြဖို့လိုအပ်**ပါသည်။

ချွေးထွက်များမှ သွေးထွက်နည်းမည်ဟူသည့်အတိုင်း လေ့ကျင့်စဉ်မှာ ချွေးများများထွက်ကြဖို့လိုပါသည်။ သို့မှသာ လိုရာအောင်ပွဲများရရှိပါမည်။ ထို့ပြင် အသက်နှင့်ရင်း၍ဆောင်ရွက်နေရသော လုပ်ငန်းများတွင် အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ပါသည်။ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး (၄)ရပ်တွင် လေ့ကျင့်ရေးနဲ့တည်ဆောက်ဟူသောအချက်အား ပြဋ္ဌာန်းထားသည်ကို ကြည့်ခြင်းအားဖြင့် လေ့ကျင့်ရေး၏အရေးပါမှုကို သတိပြုနိုင်ကြမည်ဖြစ်ပေသည်။ လေ့ကျင့်မှုကျွမ်းကျင်၊ ကျွမ်းကျင်မှ ယုံကြည်၊ ယုံကြည်မှုရဲရင့်၊ ရဲရင့်မှုအောင်ပွဲဆင်ဟူသည့်အတိုင်း ဘက်စုံအောင်ပွဲဆင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လေ့ကျင့်မှုကိုမပြတ်လုပ်ဆောင်နေကြဖို့ အရေးကြီးလှပါသည်။

နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်အနေဖြင့် အဓိကတာဝန်ရှိသည့် အားလျော်စွာ ကာကွယ်ရေးစွမ်းအားများ မြင့်မားစေရေးအတွက် ခေတ်အဆက်ဆက် တပ်မတော်အကြီးအကဲများက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ကာကွယ်ရေးစွမ်းအားနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်များနှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် "စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်စေရေးသည် တပ်မတော်နှင့် အဓိကသက်ဆိုင်ပြီး စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးအတွက်ကိုမူ နိုင်ငံတော်မှဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ခေါင်းဆောင်များတွင် နိုင်ငံရေးကိုအလေးပေးဆောင်ရွက်သူနှင့် နိုင်ငံတော်၏ကာကွယ်ရေး စွမ်းရည်မြင့်မားရေးအပိုင်းကို စိတ်ဝင်စားသူဟူ၍ ရှိပြီး တပ်မတော်နှင့်နိုင်ငံ့ခေါင်းဆောင်များ၏ စိတ်ဝင်စားမှုအလိုက် နိုင်ငံတစ်ခု၏ ကာကွယ်ရေးစွမ်းပကားသည်လည်း ကွာခြားသွားမည်" ဟု လမ်းညွှန်မှာကြားခဲ့သည်ကို မှတ်သားသိရှိခဲ့ရပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် နိုင်ငံတကာစစ်ရေးစွမ်းရည်ပြိုင်ပွဲများကို ၂၀၁၈ ခုနှစ်မှသည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၂၂ ခုနှစ်တိုင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်ကိုတွေ့ရှိရပြီး ပြိုင်ပွဲဝင်ခဲ့သည့်နှစ်များအလိုက် မတူကွဲပြားသည့် ယှဉ်ပြိုင်မှုများမှ ဆုတံဆိပ်မျိုးစုံရရှိအောင်စွမ်းဆောင်နိုင်ခဲ့ခြင်းမှာ လေ့ကျင့်သားပြည့်ဝမှု၏ အကျိုးရလဒ်များပင်ဖြစ်ပါသည်။ **ဒေသတွင်းနှင့် နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲများတွင် မြန်မာ့တပ်မတော်အောင်ပွဲဆင်နိုင်ခဲ့ခြင်းမှာ အခြေခံအကျဆုံးဖြစ်သည့် တပ်ရင်းတပ်ဖွဲ့များအလိုက် အားကစားပြိုင်ပွဲများမှသည် တိုင်း/တပ်မအလိုက်ပြိုင်ပွဲများ၊ ထို့နောက် ကြည်း၊ ရေ၊ လေအားကစားပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးခဲ့ခြင်းကြောင့်ပင်ဖြစ်ပါသည်။ တပ်မတော်အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏အောင်မြင်မှုလည်းဖြစ်သောကြောင့် တပ်မတော်အနေဖြင့် တစ်ဖက်တစ်လမ်းမှ နိုင်ငံတော်၏ပုံရိပ်ကို မြှင့်တင်ပေးခြင်းလည်းဖြစ်**ပေသည်။

ယခု ကျင်းပခဲ့ပြီးဖြစ်သည့် ဗဟိုအဆင့် ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် တိုက်ပွဲဝင်စွမ်းဆောင်ရည်စစ်ဆေးမှုပြိုင်ပွဲတွင် အားကစားနည်းငါးမျိုးသာပါဝင်သော်လည်း အားကစားနည်းများအလိုက်မတူညီသည့် ကိုယ်ကာယကြံ့ခိုင်မှု၊ သက်လုံကောင်းမွန်မှုများအပြင် စိတ်ဓာတ်ခွန်အားကောင်းများစွာ ပေးစွမ်းခဲ့သည်ကို တွေ့ရှိခဲ့ရပါသည်။

မည်သို့ပင်ဆိုစေကာမူ ကြည်း၊ ရေ၊ လေနှင့် လက်ရုံးတပ်ဖွဲ့များ၏စုပေါင်းအားဖြင့် စုစည်းတည်ထောင်ထားသော မြန်မာ့တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပြဋ္ဌာန်းထားသည့် "တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်"ဟူသော အချက်နှင့်အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ ထိုသို့ ကာကွယ်စောင့်ရှောက်ရာတွင် ကာကွယ်ရေးစွမ်းအားများမြင့်မားစေရန် လေ့ကျင့်ရေးသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ယခုကျင်းပပြီးစီးခဲ့ပြီဖြစ်သည့် ကိုယ်ခန္ဓာကြံ့ခိုင်မှုနှင့် တိုက်ပွဲဝင်စွမ်းဆောင်ရည်စစ်ဆေးမှုပြိုင်ပွဲသည် တစ်ထောင့်တစ်နေရာက အထောက်အကူပြုလျက်ရှိနေပါကြောင်းတင်ပြရင်း တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ရဲဘော်ရဲဘက်များနှင့် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားများအတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။ ။

**နွေကုံးကော်(မြို့လှ)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီခွဲတွင် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာအနီးတွင် အောင်သန့်ဇင် (ခ) အောင်ကိုမောင်းနှင်ပြီး ဝေနိုင်ထူးနှင့် မအိစန္ဒာအောင်(ခ)အိအိတို့ လိုက်ပါလာသည့် ISUZU အမျိုးအစား ၁၂ ဘီးမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ Ammonium Nitrate ၁၃၂၆၆ ကီလို မြန်မာငွေကျပ် ၆ ဒသမ ၅ သိန်းကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် ည-ရပ်ကွက် သုနန္ဒာလမ်းနှင့် ဘုမ္မာလမ်းထောင့်တွင် နေငြိမ်းဇော်(ခ) ဘုမောင်နှင့် မောင်မောင်ဦး(ခ)မောင်မောင်တို့နှစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီခွဲတွင် လားရှိုးမြို့နယ် ခါးသိုကျေးရွာအနီး တန့်ယန်း-လားရှိုးသွား ကားလမ်းတွင် ကျင်းဟော်မောင်းနှင်လာသည့် Toyota Alphard အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၂ ဒသမ ၂ ကီလိုကိုလည်းကောင်း၊ ထို့အတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ည ၇နာရီခွဲတွင် ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာအနီး ရပ်စောက်-ကျောက်ဂူသွားကားလမ်းတွင် နိုင်ဝင်းထွန်းမောင်းနှင်လာသည့် FUSO အမျိုးအစား ၁၂ ဘီးမော်တော်ယာဉ်နှင့် စိုင်းမျိုးမောင်းနှင်ပြီး တင်ကိုကိုဝင်းလိုက်ပါလာသည့် Nissan အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ FUSO အမျိုးအစား မော်တော်ယာဉ်ပေါ်မှ Toluene လီတာ ၂၇၀၀၊ Ethyl acetate လီတာ ၃၁၂၀၊ Calcium Carbonate ၂၄၇၅ ကီလိုနှင့် Nissan အမျိုးအစား မော်တော်ယာဉ်ပေါ်မှ Toluene လီတာ ၇၅၀၊ Coloroform လီတာ ၄၈၀၀၊ Calcium Carbonate ကီလို ၂၅၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၁၁ နာရီတွင် တောင်ကြီးမြို့ စပ်စံထွန်းရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဟိုတယ်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်ခိုင်းသူ သန်းလင်း(ခ)အရှည်ကြီးနှင့် နှင်းကိုကိုတို့ကို Toyota Surf အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲမြန်ကြား)**

# တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေး စခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ တရားမဝင်ကျွန်းခွဲသားဆိုဒ်စုံ သုည ဒသမ ၉၃၄ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၄၀၀ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Isuzu Light Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀ ကို သစ်တောဥပဒေအရလည်းကောင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ပြင်ဦးလွင်-မန္တလေးလမ်း မိုင်တိုင်အမှတ် ၂၂ မိုင် ၃ ဖာလုံနှင့် မိုင်တိုင်အမှတ် ၂၁ မိုင် ၁ ဖာလုံတို့တွင် မော်တော်ယာဉ်နှစ်စီးပေါ်၌ တရားဝင်အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် သစ်သီးမျိုးစုံ ၁၀၅၇ ဖာ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၂၀၀၀၀ နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၂၇၄၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နိုဝင်ဘာ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လောက်ကိုင်မြို့မှ လားရှိုးမြို့သို့ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Wifi လိုင်းခွဲစက်များနှင့် မိုဘိုင်းလ်ဖုန်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၃၅၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD VY12 အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၃၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ် အလုံရပ်ကွက်အတွင်း တရားမဝင်အင်သစ်ခွဲသား ၇ ဒသမ ၃၅၀၆ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၂၅၉၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် ရွှေသံလွင်တိုးဂိတ်၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် မုန်လာဥနီ ၇၀၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် Nissan အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကိုလည်းကောင်း၊ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၈၀၄၈၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ Hino truck အမျိုးအစား မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၁၈၀၄၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်တွင် မြဝတီ(OSS) ကုန်သွယ်ရေးဇုန်၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် High Density Polypropylene ၄၀၀၀ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၀၀၀၀ ကိုလည်းကောင်း၊ ယနေ့တွင် ကော့ကရိတ် (ဘံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး အလုံး ၁၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၀ ရက်မှ ယနေ့ထိ ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၉ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၈၅၄၇၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ဥဿာမြို့သစ် အမှတ်(၂)ရပ်ကွက်နေ ကျော်ဌေးဦးသည် ၎င်းအသုံးပြုသည့် "Kyaw Htay Oo" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက်ရှိ မိုးကောင်းကျောင်းတိုက်နေသူများဖြစ်သည့် အရှင်အဋ္ဌန(ခ)ဇော်နိုင်လင်းနှင့် အရှင်ကုသလ(ခ)ထက်ပိုင်စိုးတို့သည် ၎င်းတို့အသုံးပြုသည့် "Zaw Naing Linn" Facebook အကောင့်နှင့် "Htet Paing Soe" Facebook အကောင့်၊ ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ထော်ပိုင်ရွှေပြည်အေးကျေးရွာနေ စိုးကိုကိုသည် ၎င်းအသုံးပြုသည့် "Soe Ko Ko" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

# (၁၀၂) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့

ရွှေဘိုဘာမထီခင်အောင်

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇ ရက်သည် (၁၀၂) နှစ်မြောက် အမျိုးသားနေ့ဖြစ်သည်။

**သပိတ်မှောက်ခြင်း**

၁၉၂၀ ပြည့်နှစ်ထိ မြန်မာပြည်တွင် တက္ကသိုလ် တစ်ခုမျှ မရှိသေးချေ။ ထိုအခါက ရန်ကုန်ကောလိပ် နှင့် ယုဒသန်ကောလိပ်ကျောင်းများမှာ ကာလကတ္တား တက္ကသိုလ်လက်အောက်ခံကျောင်းများဖြစ်ကြ၏။ ထိုတက္ကသိုလ်မှ ပြဋ္ဌာန်းသောပညာရပ်များကို သင်ကြားရပြီး ထိုတက္ကသိုလ်မှစစ်သော စာမေးပွဲများကို ဖြေဆိုကြရ၏။ သို့ဖြင့် ၁၉၂၀ ပြည့်နှစ်တွင် မြန်မာပြည်၌ သီးသန့်တက္ကသိုလ်တစ်ခုထားရန် ယူဆကာ မြန်မာလူမျိုးများနှင့် သင့်လျော်မည်ဟုဆိုသော တက္ကသိုလ်ဥပဒေကြမ်းကို အင်္ဂလိပ်ဗျူရိုကရက်အစိုးရက ရေးဆွဲ၏။ ထိုဥပဒေကြမ်းကို ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် တိုင်းပြည်က ဝေဖန်နိုင်ရန် ကြေညာ၏။ ထိုဥပဒေကြမ်းကို စေ့စေ့စပ်စပ်လေ့လာသောအခါ မြန်မာလူမျိုးများ အထက်တန်းပညာသင်ကြားနိုင်ရေးကို များစွာချုပ်ချယ်ထားခြင်းကို တွေ့ရ၏။ ထို့ကြောင့် တိုင်းပြည်တစ်ဝန်း မြို့လုံးကျွတ်အစည်းအဝေးများခေါ်ကာ တစ်မျိုး၊ သတင်းစာများမှဝေဖန်၍ ကန့်ကွက်ခြင်းများတစ်ဖုံ အမျိုးမျိုးကန့်ကွက်ခဲ့ကြ၏။ သို့ရာတွင် ထိုအခါက သံလက်သီးဟုခေါ်သော မြန်မာပြည် ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် ခေါင်းဆောင်သည့် ဗျူရိုကရက်အစိုးရအနည်းငယ်မျှမဖြူ။ "မင်းတို့ဗမာတွေ ပညာရေးကို ဘာနားလည်သလဲ"ဟုဆိုကာ တိုင်းပြည်၏ကန့်ကွက်ချက်များကို အလျှင်းအရေးမယူဘဲ လျစ်လျူရှု၍နေ၏။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ထိုဥပဒေကြမ်းကို အတည်ပြုသည်ဟု ကြေညာတော့၏။

ထိုအခါ ကောလိပ်ကျောင်းကြီးတို့သည် မြန်မာပြည် နိုင်ငံရေးတွင် ကိုယ်ထိလက်ရောက် ဝင်ရောက်ဆောင်ရွက်ခြင်းများမပြုခဲ့သော်လည်း မြန်မာပြည်နှင့် မြန်မာလူမျိုးတို့၏ကိစ္စဟူသရွေ့ကို စိတ်ဝင်စားစွာ လေ့လာခဲ့ကြ၏။ သို့ဖြင့် ရန်ကုန်တက္ကသိုလ်ဥပဒေကို အတည်ပြုလိုက်သောအခါတွင် ထိုဥပဒေသည် တိုင်းပြည်က ကန့်ကွက်ခဲ့ခြင်းတို့ကိုသိနှင့်ပြီးဖြစ်ရကား တိုင်းပြည်က ကန့်ကွက်၍မရသော် ထိုရန်ကုန်တက္ကသိုလ်ဥပဒေကို တစ်နည်းနည်းဖြင့်တိုက်ဖျက်ရန် အောက်ပါရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက်၌ ရွှေတိဂုံဘုရားကုန်းတော်ပေါ်သို့ သွားရောက်ပြီး ဆွေးနွေးတိုင်ပင်ကြ၏။ ကျောင်းသားကြီး ၁၁ ဦးမှာ-

၁။ ကိုဘရှင်၊ ထိုအခါ ဘီအက်စ်စီအထက်တန်း၊ ယခု အင်ဂျင်နီယာ၊ ရန်ကုန်။
၂။ ကိုညီပိတ်၊ ထိုအခါ ဘီအက်စ်စီအထက်တန်း၊ ယခု ပင်စင်ရစက်ရှင်တရားသူကြီး၊ ရန်ကုန်။
၃။ ကိုဖိုးကွန်း၊ ထိုအခါ ဘီအက်စ်စီအထက်တန်း၊ ယခု ဗိုလ်ဖိုးကွန်း။
၄။ ကိုအေး၊ ထိုအခါ ဘီအေအထက်တန်း၊ ယခု ယစ်မျိုးမင်းကြီး၊ ရန်ကုန်။
၅။ ကိုလှတင်၊ ထိုအခါ ဘီအေအထက်တန်း၊ ယခု လွှတ်တော်ရှေ့နေ၊ ရန်ကုန်။
၆။ ကိုဖေသိန်း၊ ထိုအခါ အိုင်အေအထက်တန်း၊ ယခု ကွယ်လွန်ပြီ။
၇။ ကိုထွန်းဝင်း၊ ထိုအခါ အိုင်အေအထက်တန်း။
၈။ ကိုဘရှင်(ထားဝယ်)၊ ထိုအခါ အိုင်အေအထက်တန်း၊ ယခု ဘယ်မှာရှိသည်မသိ။
၉။ ကိုဘခင်၊ ထိုအခါ အိုင်အေအထက်တန်း၊ ယခု မန္တလေးအမျိုးသားကျောင်းဆရာကြီး။
၁၀။ ကိုအောင်ဒင်၊ ထိုအခါ အိုင်အေအထက်တန်း၊ ယခု ပင်စင်ရှုံးအုပ်၊ ရန်ကုန်။
၁၁။ ကိုဘဦး၊ ထိုအခါ ဘီအေအထက်တန်း၊ ယခု ရာဇဝင်ရေးသူ။

နှစ်နာရီကျော်ကျော်တိုင်ပင်ဆွေးနွေး၍ အပြီးတွင် (၁) တက္ကသိုလ်ပင်ရှိလင့်ကစား ကျောင်းသားမရှိလျှင် အချည်းနှီးတည်းဟု ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်ကျောင်း နှစ်ကျောင်းကို သပိတ်မှောက်ကြရန်နှင့် (၂) ဒီဇင်ဘာ ၄ ရက် စနေနေ့တွင် ကောလိပ်ကျောင်း နှစ်ကျောင်း၊ ကျောင်းသားပေါင်းစုံ အစည်းအဝေးတစ်ခုခေါ်၍ သပိတ်မှောက်မည့်အကြောင်း တင်ပြဆုံးဖြတ်မှုတို့ကို လေးဆူဓာတ်ပုံရွှေတိဂုံစေတီ၌ မသွေဖောက်စတမ်းဟု သစ္စာအဓိဋ္ဌာန်ပြုပြီး ဆုံးဖြတ်ကြလေသည်။

ကျောင်းသားပေါင်းစုံအစည်းအဝေးကို ဆုံးဖြတ်ထားသည့်အတိုင်း ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက် စနေနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက်ဆရာတော် ဦးအရိယာ၏ ကျောင်း၌ ကျင်းပသည်။ ကျောင်းသားဦးရေ ၄၀၀ ခန့် တက်ကြ၏။ ထိုအစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များကို ကန့်ကွက်သူမရှိ အားလုံးသဘောတူပြဋ္ဌာန်းလိုက်ကြ၏။

❖ နှစ်နာရီကျော်ကျော်တိုင်ပင်ဆွေးနွေး၍အပြီးတွင် (၁)တက္ကသိုလ်ပင်ရှိလင့်ကစား ကျောင်းသားမရှိလျှင် အချည်းနှီးတည်းဟု ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်ကျောင်းနှစ်ကျောင်းကို သပိတ်မှောက်ကြရန်နှင့် (၂) ဒီဇင်ဘာ ၄ ရက် စနေနေ့တွင် ကောလိပ်ကျောင်းနှစ်ကျောင်း၊ ကျောင်းသားပေါင်းစုံအစည်းအဝေး တစ်ခုခေါ်၍ သပိတ်မှောက်မည့်အကြောင်း တင်ပြဆုံးဖြတ်မှုတို့ကို လေးဆူဓာတ်ပုံရွှေတိဂုံစေတီ၌ မသွေဖောက်စတမ်းဟု သစ္စာအဓိဋ္ဌာန်ပြုပြီး ဆုံးဖြတ်ကြလေသည်။ ❖

၁။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၇ ရက် အင်္ဂါနေ့၌ မြန်မာပြည်လက်ထောက်ဘုရင်ခံ ရန်ကုန်ကောလိပ်ကျောင်းသို့လာရောက်ပြီး မြန်မာပြည်တွင် ရန်ကုန်တက္ကသိုလ်ဖွင့်ပြီးကြောင်း ကြေညာသောအခါ ကောလိပ်ကျောင်း နှစ်ကျောင်းရှိ ကျောင်းသားကြီးများသည် မိမိတို့၏ စာအုပ်များကိုပိုက်၍ ရန်ကုန်တက္ကသိုလ်ကို သပိတ်မှောက်ပြီဟု အော်ဟစ်ကာ ကျောင်းမှထွက်လာကြရန်။
၂။ ထိုသို့သပိတ်မှောက်ပြီးမှ ရန်ကုန်တက္ကသိုလ်ဥပဒေကို မြန်မာများ အထက်တန်းပညာသင်ကြားရေးအတွက် နှစ်နာချုပ်ချယ်သည်ဆိုသောအချက်များကို ပြုပြင်ပေးရန်၊ အင်္ဂလိပ်ဗျူရိုကရက်အစိုးရသို့ အရေးဆိုရန်။
၃။ ပြုပြင်ပေးရန် တောင်းဆိုသောအချက်များကို ပြုပြင်၍မပေးသမျှ ကာလပတ်လုံး ကျောင်းပြန်၍ မတက်ရန်။

အထက်ပါဆုံးဖြတ်ချက်များကိုချမှတ်ပြီး ဆက်လက်ဆောင်ရွက်စရာရှိသည်တို့ကို ဆောင်ရွက်သွားရန်။ ဤရာဇဝင်ရေးသူကို ဆော်ဩသူအဖြစ်နှင့် ကောလိပ်ကျောင်းနှစ်ကျောင်းမှ ကိုယ်စားလှယ်များပါဝင်သည့် ၂၆ ဦးကော်မတီက ရွေးချယ်ခန့်အပ်ကာ လွှဲအပ်လိုက်လေသည်။ ထို ၂၆ ဦးကော်မတီသည် နောက်တစ်နေ့ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၂ ချက်တီးအချိန် ဆော်ဩသူအိမ်၌ စည်းဝေးကြ၏။ ထိုအစည်းအဝေးတွင် မူလ ဒီဇင်ဘာ ၇ ရက် အင်္ဂါနေ့တွင် သပိတ်မှောက်မည်ဟု ဆုံးဖြတ်ခဲ့သော်လည်း ထိုနေ့ထိ စောင့်ဆိုင်းရန်မဖြစ်နိုင်သောအကြောင်း ပေါ်ပေါက်လာရကား ထိုဒီဇင်ဘာ ၅ ရက်ညမှာပင် ကျောင်းများကို သပိတ်မှောက်၍ထွက်ကြရန် ဆုံးဖြတ်ကြရ၏။ ထိုသို့ ဆုံးဖြတ်သည့်အတိုင်း အစည်းအဝေးကိုရုပ်သိမ်းပြီး ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်း နှစ်ကျောင်းမှ ကျောင်းအိပ်ကျောင်းစားကျောင်းသားများကို လိုက်လံနှိုးဆော်ပြီး ဗဟန်းရပ် ရွှေကျင်တိုက် အတွင်းရှိ ကျောင်းကန်ဇရပ်များ၌ သွားရောက်စခန်းတည်ချစေ၏။ ထိုညချင်းပင် ရန်ကုန်မြို့ရှိ မြို့မိမြို့ဖအပေါင်းနှင့် အိမ်ပြန်အိမ်စား ကျောင်းသားများကို သပိတ်မှောက်ကြောင်းသိစေရန် မော်တော်ကားဖြင့် တစ်မြို့လုံးလှည့်လည်ကြေညာ၏။ ၂၆ ဦးကော်မတီ၏ ထိုညအစည်းအဝေး၌ ဤရာဇဝင်ရေးသူကို ခေါင်းဆောင်အဖြစ်တင်မြှောက်၏။ ထိုတင်မြှောက်ခြင်းကို နောက်တစ်နေ့ နံနက်၌ ဗဟန်းသို့ရောက်ရှိနေသော သပိတ်မှောက်ကျောင်းသားဦးရေ ၃၀၀ ခန့်က လက်ခံအတည်ပြု၏။

**သပိတ်မှောက်ရသည့်အကြောင်း**

၁။ မြန်မာပြည်တွင် ထိုတက္ကသိုလ်တစ်ခုတည်းသာရှိရမည်။ ထိုတက္ကသိုလ်လက်အောက်တွင်လည်း ကောလိပ်ကျောင်းတစ်ကျောင်းတည်းသာရှိရမည်။
၂။ ထိုတစ်ကျောင်းတည်းသော ကောလိပ်သည် ရန်ကုန်တွင်ရှိရမည်။
၃။ ထိုကောလိပ်ကျောင်းတွင် စာသင်လိုသော ကျောင်းသားများသည် ကျောင်းအိပ်ကျောင်းစားအဖြစ် နေရမည်။
၄။ မက်ထရီကျူးလေးရှင်းခေါ် တက္ကသိုလ်ဝင်စာမေးပွဲမထားဘဲ အစိုးရကပြုလုပ်သော ဟိုက်စကူးဖိုင်နယ်ခေါ် ၁၀ တန်းစာမေးပွဲကို အောင်ရမည်။ သို့ရာတွင် အောင်သောသူများမှာတက္ကသိုလ်သို့ဝင်ခွင့်ရရန် အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတစ်ခုတွင် ထူးချွန်တတ်မြောက်၍ အောင်မြင်ရမည်။
၅။ ၁၀ တန်းအောင်၍ တက္ကသိုလ်ဝင်ခွင့်ရသော်လည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်းစ၍ မသင်ရသေးဘဲ ထိုတက္ကသိုလ်ပညာရပ်များကို ကောင်းစွာလိုက်နာနိုင်ရန်အတွက် Preliminary Class ခေါ် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေရဦးမည်။
၆။ ထိုပြင်ဆင်မှုအတိုင်းပင် တစ်နှစ်နေသော်လည်း နှစ်ကုန်သည့်အခါ တက္ကသိုလ်ပညာရပ်များကိုလိုက်နာရန် အရည်အချင်းမရှိသေးဟုဆိုလျှင် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ခွင့်ရပေဦးမည်မဟုတ်သေး။
၇။ ရေးဖြေစာမေးပွဲများအပြင် နှုတ်တိုက်ဖြေဆိုရမည့်စာမေးပွဲများလည်း ရှိသေးသည်။
၈။ သိပ္ပံတန်းကိုအောင်ပြီး ဝိဇ္ဇာတန်းကို ဂုဏ်ထူးနှင့်အောင်သောသူများမှသာ မဟာဝိဇ္ဇာဘွဲ့စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်ရှိသည်။ ဝိဇ္ဇာဘွဲ့ရိုးရိုးအောင်ရုံမျှဖြင့် မဟာဝိဇ္ဇာဘွဲ့စာမေးပွဲမဝင်နိုင်။
၉။ ဂုဏ်ထူးနှင့်ဝိဇ္ဇာဘွဲ့တန်းစာမေးပွဲကို သိပ္ပံတန်းအောင်မြင်ပြီး သုံးနှစ်ကြာမှ ဝင်ရမည်။
၁၀။ ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းကို တစ်ခါဝင်ရောက်ဖြေဆို၍ မအောင်မြင်လျှင် နောက်ထပ် မဝင်နိုင်တော့ချေ။

ဤအချက် ၁၀ ချက်အရ သပိတ်မှောက်ခဲ့ကြချေသည်။

**မှတ်ချက်**

၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၂၄ ရက်တွင် ရန်ကုန်တက္ကသိုလ်ဥပဒေကို အိန္ဒိယဘုရင်ခံချုပ်က လက်ခံအတည်ပြုခဲ့သည်။

၁၉၂၀ ပြည့်နှစ် နိုဝင်ဘာ ၃၁ ရက်တွင် ရန်ကုန်ကောလိပ်ကျောင်းအုပ်ကြီး မက်သရူးဟန်းတား (Matthew Hunter) က ရန်ကုန်တက္ကသိုလ်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ အသုံးပြုမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်ဥပဒေ စတင်အာဏာတည်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်ကျောင်း နှစ်ကျောင်းကိုပေါင်း၍ ရန်ကုန်တက္ကသိုလ်အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအဓိပတိမှာ မြန်မာပြည်ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်ဖြစ်၍ ဒုတိယအဓိပတိမှာ ဆာချားလ်(စ်)မော်ဂန်ဝက်ဗ်(Sir Charles Morgan Webb) ဖြစ်သည်။

ရန်ကုန်ကောလိပ်ကျောင်းအုပ်ကြီးမှာ မက်သရူးဟန်းတားဖြစ်၍ ဂျက်ဆင်ကောလိပ်ကျောင်းအုပ်ကြီးမှာ အာအယ်လ်ဟောင်းဝပ်ဖြစ်သည်။

ရန်ကုန်ကောလိပ်တွင် ကျောင်းသား ၆၉၂ ဦးနှင့် ဂျက်ဆင်ကောလိပ်တွင် ကျောင်းသား ၁၃၇ ဦးရှိ၍ ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားစုစုပေါင်း ၈၂၉ ဦးရှိခဲ့သည်။ ရန်ကုန်ကောလိပ်မှ ဝိဇ္ဇာဘွဲ့ရသူနှစ်ဦး၊ သိပ္ပံဘွဲ့ရသူ ၂၂ ဦး၊ ဥပဒေဘွဲ့ရသူ ခြောက်ဦးရှိခဲ့သည်။ ဂျက်ဆင်ကောလိပ်မှ ဝိဇ္ဇာဘွဲ့ရသူရှစ်ဦးရှိခဲ့သည်။

၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ ရက် နံနက် ၁၁ နာရီအချိန် ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံစေတီအနောက်တောင်ထောင့် (စနေထောင့်) ဗောဓိပင်ရှေ့တွင် လျှို့ဝှက်စုဝေးပြီး ရန်ကုန်တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ရန် သစ္စာဆိုအဓိဋ္ဌာန်ပြုခဲ့သည်။

**နိဂုံးချုပ်ရလျှင်သော်**

မြန်မာနိုင်ငံကို လာရောက်ဝိုလ်ကျချုပ်ချယ်အုပ်စိုးနေလေသော အင်္ဂလိပ်မျက်နှာဖြူဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် ပြဋ္ဌာန်းပေးခဲ့သည့် ကျွန်ပညာရေးစနစ်ကြီးကို ခေတ်ပညာတတ်ကျောင်းသားဟောင်း ၁၁ ဦးခေါင်းဆောင်လျက် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလက စတင်တော်လှန်လှုံ့ဆော်လိုက်သည်တွင် တစ်နိုင်ငံလုံး ညီညီညွတ်ညွတ်လျှမ်းလျှမ်းတောက်သပိတ်မှောက်ခဲ့ကြသည်။

တစ်နိုင်ငံလုံးရှိ မြန်မာတိုင်းရင်းသူ၊ တိုင်းရင်းသားအားလုံးလှုပ်ရှားခဲ့မှုသည် နိုင်ငံ့အရေးလှုပ်ရှားမှုအစပထမပင်ဖြစ်တော့သည်။ နိုင်ငံကိုချစ်ကြသည့် ခေတ်ပညာတတ် လူတန်းစားအသီးသီး၊ နိုင်ငံရေးအဖွဲ့အစည်းအသီးသီး အလျှိုလျှိုပေါ်ပေါက်လာချေသည်။

နိုင်ငံရေးနိုးကြားမှုဖြစ်သည်။ သူ့ကျွန်ဘဝတွင် ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများအားလုံး ဆုံးရှုံးရမှုတို့ကြောင့် နယ်ချဲ့အစိုးရကို အဘက်ဘက်မှနေပြီး မြန်မာတိုင်းရင်းသားအပေါင်းက တော်လှန်ခဲ့ကြသည်။

သူ့ကျွန်ဘဝ၊ ပြည်ပနိုင်ငံသားတို့၏ ကျွန်ဘဝမည်သည့်အခါမျှ မကျရောက်စေရေးအတွက် ယနေ့လူငယ်လူရွယ်တို့ သတိပြုကြစေလို၍လည်းကောင်း၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ရှိတတ်ကြစေလို၍လည်းကောင်း အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာရပုံကို ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု ရက်စွဲသမိုင်းမှ**

# တူရကီတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေငလျင်အန္တရာယ်ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်



**အင်ကာရာ နိုဝင်ဘာ ၁၃**

တူရကီနိုင်ငံသည် မြေငလျင်မကြာခဏလှုပ်ခတ်နေသည့်အတွက်ကြောင့် မြေငလျင်လှုပ်ခတ်သည့်အခြေအနေတွင် သေဆုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ အနည်းဆုံးဖြစ်စေရန်အတွက် မြေငလျင်အန္တရာယ်ဇာတ်တိုက်လေ့ကျင့်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုဝင်ဘာ ၁၂ ရက်က ပြုလုပ်ခဲ့ကြောင်း တူရကီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု TRT World သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရန်အတွက် တူရကီသမ္မတရုံးက ညွှန်ကြားခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၅၇ မိနစ် အချိန်တွင် ပြုလုပ်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ဇာတ်တိုက်လေ့ကျင့်သည့်အချိန်တွင် ရုပ်သံလိုင်းများ၊ ဖုန်းများမှတစ်ဆင့် တူရကီဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ဖြင့် စာတိုပေးပို့ကာ အသိပေးခဲ့သည်။ သတိပေးချက်လက်ခံရရှိသည်နှင့် မြေငလျင်လှုပ်ခတ်ချိန်တွင် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များအတိုင်း တူရကီပြည်သူများက လိုက်ပါလေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

"အခုပေးပို့တဲ့စာဟာ မြေငလျင်အန္တရာယ်ဇာတ်တိုက်လေ့ကျင့်ဖို့ ကြေညာချက်ဖြစ်ပါတယ်။ စာကို လက်ခံရရှိတာနဲ့ မိမိတို့ရောက်ရှိနေတဲ့နေရာမှာ ဒူးထောက်ဝပ်သွားပြီး အကာအကွယ်ယူကြပါ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လိုက်နာဆောင်ရွက်ရမဲ့ ဇာတ်တိုက်လေ့ကျင့်မှုဖြစ်ပါတယ်"ဟု ပြည်သူများထံသို့ မိုဘိုင်းဖုန်းများမှတစ်ဆင့် အသိပေးစာပေးပို့သွားခဲ့သည်။

"မြေငလျင်အန္တရာယ်ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်သွားဖို့ရှိပါတယ်။ ပြည်သူအားလုံး မိမိတို့ဆန္ဒအလျောက် လိုက်ပါလေ့ကျင့်မှုပြုလုပ်မယ်လို့မျှော်လင့်ပါတယ်။ မြေငလျင်လှုပ်ခတ်လာရင် အန္တရာယ်ကင်းအောင် ဆောင်ရွက်တတ်ဖို့နဲ့ မြေငလျင်အန္တရာယ်အကာအကွယ်အဖြစ် မိမိတို့ပတ်ဝန်းကျင်ကို ကောင်းကောင်းမွန်မွန် အသုံးပြုတတ်အောင်ရည်ရွယ်ပြီး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်သွားတာဖြစ်ပါတယ်"ဟု တူရကီသမ္မတ အာဒိုဂန်က Video Message ဖြင့် အသိပေးပြောကြားခဲ့သည်။ **နိုင်းဆက်**

# အားကောင်းသည့်မုန်တိုင်းကြောင့် စပိန်နိုင်ငံနေရာအနှံ့အပြား ပျက်စီးမှုနှုန်းမြင့်မားခဲ့

**မက်ဒရစ် နိုဝင်ဘာ ၁၃**

စပိန်နိုင်ငံတွင် နိုဝင်ဘာ ၁၂ ရက်က အားကောင်းသည့်မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး နေရာအနှံ့အပြားတွင် ပျက်စီးမှုနှုန်းမြင့်မားခဲ့ကြောင်း စပိန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု AA သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းသည် နေရာအနှံ့အပြားတွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းအန္တရာယ်ဖြင့် အဓိကရင်ဆိုင်ခဲ့ရသောဒေသမှာ ဗလန်စီယာမြို့ဖြစ်ကြောင်း၊ ဗလန်စီယာမြို့တွင် မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုနှုန်းမြင့်မားခဲ့သလို ဗလန်စီယာအပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း ယာယီပိတ်ထားရကြောင်း ဗလန်စီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အားကောင်းတဲ့မုန်တိုင်းဝင်ရောက်မှုကြောင့် နေရာအနှံ့အပြားမှာ မိုးသည်းထန်စွာရွာသွန်းနေပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ပင်လယ်ပြင်ပိုင်းမှာ ရာသီဥတု ပူနွေးနေတဲ့အတွက်ကြောင့်လဲ မုန်တိုင်းအားကောင်းခဲ့တာဖြစ်ပါတယ်"ဟု စပိန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် တာရာဂွန်နာနယ်မြေ၊ ကတ္တလိုနီးယားနယ်မြေတို့တွင် လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် လူနေအိမ်စုစုပေါင်း ၆၆၀၀ ထိရှိနေကြောင်း စပိန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်။



စပိန်မိုးလေဝသအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ဗလန်စီယာမြို့တွင် မုန်တိုင်းကြောင့် မိုးရေချိန်မှာ တစ်နာရီအတွင်း တစ်စတုရန်းမီတာတွင် ၆၆ ဒသမ ၁ လီတာထိရှိနေကြောင်း၊ စပိန်နိုင်ငံသမိုင်းတစ်လျှောက် မိုးရေချိန်အမြင့်မားဆုံးသော နိုဝင်ဘာလအဖြစ် မှတ်တမ်းဝင်ခဲ့သလို စပိန်နိုင်ငံသမိုင်းတစ်လျှောက် မိုးရေချိန်တတိယမြောက်အမြင့်မားဆုံးပမာဏအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း စပိန်မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**နိုင်းဆက်**

# ပေါ်တူဂီနိုင်ငံတွင် မိုးခေါင်သည့်ပြဿနာကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှုန်း အနုတ်လက္ခဏာဆောင်

**လစ္စဘွန်း နိုဝင်ဘာ ၁၃**

ပေါ်တူဂီနိုင်ငံတွင် မိုးခေါင်သည့်ပြဿနာကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုနှုန်း ကျဆင်းလာသည့်အတွက် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အနုတ်လက္ခဏာဆောင်စေကြောင်း ပေါ်တူဂီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု PN သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပေါ်တူဂီနိုင်ငံတွင် ရင်ဆိုင်နေရသည့် မိုးခေါင်မှုနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂအဖွဲ့အစည်းကလည်း ပေါ်တူဂီနိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုနှုန်း ကျဆင်းလာကြောင်းကို သတိပေးခဲ့သည်။ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်စေသည့် ရာသီဥတုဖောက်ပြန်မှုပြဿနာကိုအမြန်ဆုံးရင်ဆိုင်ဖြေရှင်းရန် လိုအပ်နေကြောင်း ဥရောပသမဂ္ဂအဖွဲ့အစည်းက ပေါ်တူဂီအာဏာပိုင်အဖွဲ့အစည်းကို တိုက်တွန်းခဲ့သည်။

"ပေါ်တူဂီနိုင်ငံမှာ မိုးခေါင်မှုပြဿနာက အခြေအနေဆိုးလာတယ်။ မိုးခေါင်တဲ့ပြဿနာဟာ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းကုန်ထုတ်လုပ်မှုကို တိုက်ရိုက်ထိခိုက်စေနိုင်တယ်။ မိုးခေါင်တဲ့အတွက်ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ ကျဆင်းလာမယ်။ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မှု ကျဆင်းလာမယ်။ လောင်စာကုန်ဈေးနှုန်းတွေမြင့်တက်လာမယ်။ ဒီအချက်တွေကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အနုတ်လက္ခဏာဆောင်စေပါတယ်။ ၂၀၂၂ ခုနှစ်အတွင်း ဥရောပတိုက်အတွင်း စပိန်နိုင်ငံနဲ့ ပေါ်တူဂီနိုင်ငံမှာ မိုးခေါင်တဲ့ပြဿနာတွေ နေရာတော်တော်များများမှာ ဖြစ်ပေါ်နေတယ်။ နိုင်ငံနှစ်နိုင်ငံလုံးမှာ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတချို့လည်းပတ်မှု ရပ်ဆိုင်းခဲ့ရတယ်။ လျှပ်စစ်စွမ်းအင် လုံလုံလောက်လောက် ထုတ်လုပ်နိုင်မှုမရှိရင်တော့ ပြည်တွင်းထုတ်ကုန်တိုးမြှင့်နိုင်ဖို့ လုံးဝမလွယ်ကူပါဘူး"ဟု ဥရောပသမဂ္ဂအဖွဲ့အစည်းမှ စီးပွားရေးကော်မရှင်နာတစ်ဦးဖြစ်သူ ပါအိုလိုက ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့အစည်းက ပေါ်တူဂီနိုင်ငံ၏ မိုးခေါင်ရေရှားပါးသည့်ပြဿနာကို ဖြေရှင်းရန်အတွက် ရေတိုနည်းဖြင့် ဖြေရှင်းခြင်းမပြုရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲမည့် နည်းလမ်းကောင်းကိုရွေးချယ်ကာ ပြဿနာကို အမြန်ဆုံးဖြေရှင်းရန်လည်း တိုက်တွန်းခဲ့သည်။

**နိုင်းဆက်**

# ရာသီဥတုအကျပ်အတည်းနှင့် တိရစ္ဆာန် တရားမဝင်ကုန်သွယ်မှုကို မဖြေရှင်းနိုင်ပါက တိရစ္ဆာန်မျိုးစိတ်များစွာ မျိုးသုဉ်းပျောက်ကွယ်နိုင်

**ပနားမားစီးတီး နိုဝင်ဘာ ၁၃**

ရာသီဥတုအကျပ်အတည်းနှင့် တိရစ္ဆာန်တရားမဝင်ကုန်သွယ်မှုကို ထိထိရောက်ရောက် မဖြေရှင်းနိုင်ပါက တိရစ္ဆာန်မျိုးစိတ်ပေါင်း တစ်သန်းကျော်မျိုးသုဉ်းပျောက်ကွယ်နိုင်သည်ဟု ကျွမ်းကျင်သူများက သတိပေးထားကြောင်း LaPrensa Latina သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ပနားမားနိုင်ငံမြို့တော် ပနားမားစီးတီးတွင် မကြာမီကျင်းပမည့် 19th Conference of the Parties ညီလာခံမတိုင်မီ နိုဝင်ဘာ ၁၂ ရက်ကပြုလုပ်သော အင်တာဗျူးတစ်ခုတွင် အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးဆိုင်ရာ သဘောတူညီချက်(CITES)၏ အကြီးအကဲဖြစ်သူ အိုင်ဗန်နီဟီဂူရိုက ရာသီဥတုပြောင်းလဲခြင်းနှင့် တရားမဝင်တိရစ္ဆာန်ကုန်သွယ်မှုပြုလုပ်ခြင်းတို့ကြောင့် လာမည့်ဆယ်စုနှစ်များအတွင်း တိရစ္ဆာန်မျိုးစိတ်တစ်သန်းကျော် မျိုးသုဉ်းပျောက်ကွယ်နိုင်ကြောင်း သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

ပနားမားနိုင်ငံ၌ နိုဝင်ဘာ ၁၄ ရက်တွင်ကျင်းပမည့် 19th Conference of the Parties ညီလာခံသို့ နိုင်ငံပေါင်း ၁၈၃ နိုင်ငံမှ ကိုယ်စားလှယ်ဦးရေ ၂၅၀၀ ကျော် တက်ရောက်မည်ဖြစ်ပြီး ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင်ဆိုင်ရာအေဂျင်စီမှ အရာရှိများ၊ တက်ကြွလှုပ်ရှားသူများ၊ NGO အဖွဲ့များတက်ရောက်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါညီလာခံတွင် ကမ္ဘာတစ်ဝန်းရှိ ခြိမ်းခြောက်ခံနေရသော သစ်ပင်များနှင့် တိရစ္ဆာန်မျိုးစိတ်များကိုကာကွယ်ပေးမည့် အဆိုပြုချက် ၅၂ ချက်ကို တက်ရောက်လာသူများက ဆွေးနွေးသွားမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုသည် ရေကြီးခြင်း၊ မိုးခေါင်ခြင်းတို့ကိုဖြစ်ပွားစေပြီး ရာဇဝတ်မှုများနှင့် တိရစ္ဆာန်မျိုးစိတ်များကို တရားမဝင်ရောင်းဝယ်ဖောက်ကားခြင်းစသည့် စိန်ခေါ်မှုများစွာကို တိုးမြင့်လာစေကာ အဆိုပါပြဿနာသည် လက်နက်မှောင်ခိုရောင်းဝယ်မှု၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှု၊ တရားမဝင်လူကုန်ကူးမှုတို့နောက် စတုတ္ထမြောက်ပြဿနာတစ်ခုဖြစ်ကြောင်း ဟီဂူရိုက ဆက်လက်ပြောကြားခဲ့သည်။ AZH

# မလေးရှားနိုင်ငံတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်သဖြင့် လူထောင်ပေါင်းများစွာ ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

**ကွာလာလမ်ပူ နိုဝင်ဘာ ၁၃**

မလေးရှားနိုင်ငံတစ်ဝန်းတွင် နိုဝင်ဘာ ၁၁ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် နိုင်ငံအနှံ့အပြားတွင် ရုတ်တရက်ရေကြီးရေလျှံမှုများဖြစ်ပေါ်သဖြင့် လူထောင်ပေါင်းများစွာ ဘေးလွတ်ရာယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း The Straits Time သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

မလေးရှားနိုင်ငံတွင် ယခုလအစောပိုင်းက အရှေ့မြောက်မုတ်သုံလေစတင်ဝင်ရောက်မှုကြောင့် နိုင်ငံအနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရုတ်တရက်ရေလွှမ်းမိုးမှုကြောင့် လူထောင်ပေါင်းများစွာကို ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

ရေလွှမ်းမိုးမှုအဆိုးရွားဆုံးပြည်နယ်တစ်ခုဖြစ်သော ဆီလန်ဂေါပြည်နယ်တွင် ရေဘေးဒုက္ခသည်ဦးရေ ၈၀၀ ခန့်ကို Klang ခရိုင်နှင့် Kuala Selangor ခရိုင်တစ်ဝိုက်ရှိ ကယ်ဆယ်ရေးစခန်းရှစ်ခုသို့ နိုဝင်ဘာ ၁၂ ရက်က ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

Hulu Langat ပြည်နယ် Pasir Mas ခရိုင်၊ Tanah Merah ခရိုင်တို့တွင်လည်း ရေဘေးဒုက္ခသည်ဦးရေ ၆၀၀ ကျော်ရှိပြီး ကယ်ဆယ်ရေးစခန်းသုံးခုသို့ ပို့ဆောင်ထားရကြောင်း သိရသည်။

Sungai Golok မြစ်သည် နိုဝင်ဘာ ၁၂ ရက်က ရေအမြင့်ပေ ၉ ဒသမ ၉၁ မီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် ၉ မီတာကိုကျော်လွန်လာသဖြင့် Rantau Panjang မြို့နှင့် ၎င်းမြစ်အနီးတွင်နေထိုင်သူများကို အမြင့်ဆုံးသတိပေးချက်တစ်ရပ်ကို ထုတ်ပြန်ထားကြောင်း သိရသည်။

မလေးရှားမိုးလေဝသဌာနက နိုဝင်ဘာ ၁၇ ရက်ထိမိုးကြိုးမုန်တိုင်းနှင့် မိုးအဆက်မပြတ်ရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်မည်ဟု သတိပေးထားပြီး ပြည်နယ်ရှစ်ခုတွင် မိုးသည်းထန်စွာရွာသွန်းမည်ဖြစ်သောကြောင့် အထူးသတိထားနေထိုင်ကြရန် ကြေညာထားကြောင်း သိရသည်။ AZH

# အနောက်အုပ်စုက ယူကရိန်းကို ရေရှည်ကူညီသွားနိုင်သလား




ယူကရိန်းတပ်ဖွဲ့များသည် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်ကတည်းက တိုင်းပြည်နယ်မြေတော်တော်များများကို ခုခံကာကွယ်လျက်ရှိသော်လည်း အမေရိကန်၏အကူအညီသာမရရှိလျှင် ယူကရိန်းစစ်ဘက်၏လှုပ်ရှားမှုသည် လွန်ခဲ့သောလအနည်းငယ်ခန့်ကတည်းက အဆုံးသတ်နေပြီဖြစ်သည်။

ရုရှား၏အထူးစစ်ဆင်ရေးစတင်ဆင်နွှဲကတည်းကပင် အမေရိကန်သည် ယူကရိန်းနိုင်ငံကို ဘဏ္ဍာရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ၊ စစ်ရေးဆိုင်ရာအကူအညီများ ပေးအပ်လျက်ရှိသည်။ နိုဝင်ဘာ ၈ ရက်တွင် အမေရိကန်၌ လွှတ်တော်အမတ်များ၏ သက်တမ်းဝက်ရွေးကောက်ပွဲများပြုလုပ်သွားမည်ဖြစ်သည့်အတွက် ယူကရိန်းသမ္မတ ဇီလန်စကီးသည် ပံ့ပိုးကူညီမှုများ လျော့နည်းလာမည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် စွမ်းအင်ဈေးနှုန်းများမြင့်တက်မှုကဲ့သို့သော စီးပွားရေးဆိုင်ရာဆိုးကျိုးများဖြစ်ပေါ်လျက်ရှိသဖြင့် အမေရိကန်မဲဆန္ဒရှင်များ အထူးသဖြင့် ရီပတ်ဘလင်ကန်များသည် ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီနေမှုအပေါ် ထောက်ခံခြင်းမရှိတော့ပေ။ အမေရိကန်အနေဖြင့် ယူကရိန်းနိုင်ငံကို အလွန်အမင်း ပံ့ပိုးကူညီလျက်ရှိသည်ဟု ရီပတ်ဘလင်ကန်များက ယူဆလျက်ရှိသည်။ အမေရိကန်၏စီးပွားရေးသည် ကမ္ဘာ့အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကောင်းမွန်သည်ဟုဆိုသော်လည်း ရီပတ်ဘလင်ကန်အမတ်များသည် အမေရိကန်၏စီးပွားရေးအပေါ် စိုးရိမ်ပူပန်လျက်ရှိကြသည်။

**ရီပတ်ဘလင်ကန်အကွဲအပြဲ**

ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ရီပတ်ဘလင်ကန်အမတ်များကြား ပံ့ပိုးကူညီမှု လိုလားသူနှင့် ကန့်ကွက်သူဟူ၍ အုပ်စုနှစ်စုကွဲလျက်ရှိသည်။ ယခုနှစ် မေလအတွင်း အောက်လွှတ်တော်အမတ် ၅၇ ဦးသည် ယူကရိန်းနိုင်ငံကို အမေရိကန်ဒေါ်လာဘီလီယံ ၄၀ ကူညီရေးနှင့်စပ်လျဉ်း၍ ကန့်ကွက်မဲပေးခဲ့ကြသည်။ အမေရိကန်အနေဖြင့် ယူကရိန်းနိုင်ငံကို ထပ်မံကူညီသွားတော့မည်မဟုတ်ကြောင်း လွှတ်တော်အမတ် မက်ကာသီက သတိပေးပြောကြားသွားသည်။ ထို့ကြောင့် ယူကရိန်းကို အကူအညီပေးရေးနှင့်စပ်လျဉ်း၍ ကွန်ဂရက်တွင် ကန့်ကွက်မှုများရှိလာနိုင်ပေသည်။

**ဒီမိုကရက်တို့၏ စီးပွားရေးဆိုင်ရာစိုးရိမ်ပူပန်မှုများ**

ဒီမိုကရက်များကလည်း စီးပွားရေးအကျပ်အတည်းကြောင့် ယူကရိန်းအပေါ် ထောက်ခံမှုကျဆင်းလျက်ရှိသည်။ ၂၀၂၂ ခုနှစ် နှစ်လယ်ရွေးကောက်ပွဲကာလတွင် အမေရိကန်မဲဆန္ဒရှင်များအဖို့ အဓိကစိုးရိမ်ပူပန်မှုသည် စီးပွားရေးအကျပ်အတည်းပင်ဖြစ်သည်။ မော်စကိုအပေါ် အမေရိကန်ဦးဆောင်သည့် စီးပွားရေးပိတ်ဆို့မှုများနှင့် ကိယက်ဗ်အပေါ် ပံ့ပိုးကူညီမှုများသည် စီးပွားရေးအကျပ်အတည်း ပိုမိုဖြစ်ပွားလာစေသည်ဟု အမေရိကန်ပြည်သူများက ယူဆလျက်ရှိသည်။

အောက်တိုဘာ ၂၄ ရက်က အမေရိကန် အောက်လွှတ်တော်အမတ်ဦးရေ ၃၀ သည် ရုရှားနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးပြီး စစ်ပွဲအဆုံးသတ်သွားရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ထံ စာရေးသားတောင်းဆိုခဲ့သည်။ အမှန်တော့ အမေရိကန်သည် ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်ထိ ယူကရိန်းနိုင်ငံကို လူသားချင်းစာနာထောက်ထားမှု၊ ဘဏ္ဍာရေးနှင့်စစ်ရေးဆိုင်ရာအကူအညီများပေးခဲ့ရာ အမေရိကန်ဒေါ်လာဘီလီယံ ၅၀ ကျော်ထိရှိသွားပြီဖြစ်သည်။ လက်ရှိအချိန်ထိ အမေရိကန်သည် ယူကရိန်းနိုင်ငံကို အကူအညီပေးရာတွင် ဥရောပ

❖ ဗြိတိန်သည် Brexit အရေးနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့် အငြင်းပွားလျက်ရှိရာ အမေရိကန်၏ ပူးပေါင်းဆောင်ရွက်မှုမပါဘဲ ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီရေးအတွက် ဥရောပနိုင်ငံများကို စည်းရုံးဆောင်ရွက်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစ၍ EU သည် ယူကရိန်းကို ယူရိုငွေဘီလီယံများစွာ ကူညီခဲ့ပြီးဖြစ်သည်။ စစ်ဘက်ဆိုင်ရာအကူအညီများပေးအပ်လျက်ရှိသော ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အီတလီနှင့် ပိုလန်တို့သည် ဖြေလကုန်ပိုင်းမှစ၍ အကူအညီပေးမှုများ တဖြည်းဖြည်းလျော့နည်းလာခဲ့ရာ ဇူလိုင်လတွင် စစ်ရေးဆိုင်ရာအကူအညီသစ်များပေးမည့် ကတိကဝတ်များကို ထပ်မံမပေးတော့ပေ။ ❖

နိုင်ငံများထက် နှစ်ဆခန့် ပိုမိုနေပြီဖြစ်သည်။

**ချည့်နဲ့လာသော ဥရောပအကူအညီ**

ဗြိတိန်သည် ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီရာတွင် ဥရောပနိုင်ငံများကို ဦးဆောင်လျက်ရှိပြီး ယူကရိန်းစစ်သားဦးရေ ၁၀၀၀၀ ကျော်ကို ၎င်းတို့နိုင်ငံတွင် စစ်သင်တန်းပို့ချခဲ့သည်။ သို့သော် ဗြိတိန်သည် စက်တင်ဘာလတွင် ဘုရင်မကြီးအဲလိဇဘက်(၂) ကွယ်လွန်ပြီးနောက် နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ကာ လွန်ခဲ့သောနှစ်လအတွင်း ဝန်ကြီးချုပ်နှစ်ဦးနုတ်ထွက်ခဲ့ရသည်။ ထို့ကြောင့် ဗြိတိန်သည် တိကျသော နိုင်ငံခြားရေးမူဝါဒချမှတ်ရေးနှင့် ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီရေးအတွက် အခက်အခဲများကြုံတွေ့ရလျက်ရှိသည်။

ထို့ပြင် ဗြိတိန်သည် Brexit အရေးနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂနှင့်အငြင်းပွားလျက်ရှိရာ အမေရိကန်၏ ပူးပေါင်းဆောင်ရွက်မှုမပါဘဲ ယူကရိန်းနိုင်ငံကို ပံ့ပိုးကူညီရေးအတွက် ဥရောပနိုင်ငံများကို စည်းရုံးဆောင်ရွက်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ပဋိပက္ခစတင်ဖြစ်ပွားသည့်အချိန်မှစ၍ EU သည် ယူကရိန်းကို ယူရိုငွေဘီလီယံများစွာ ကူညီခဲ့ပြီးဖြစ်သည်။ စစ်ဘက်ဆိုင်ရာအကူအညီများပေးအပ်လျက်ရှိသော ပြင်သစ်၊ ဂျာမနီ၊ စပိန်၊ အီတလီနှင့် ပိုလန်တို့သည် ဖြေလကုန်ပိုင်းမှစ၍ အကူအညီပေးမှုများ တဖြည်းဖြည်းလျော့နည်းလာခဲ့ရာ ဇူလိုင်လတွင် စစ်ရေးဆိုင်ရာအကူအညီသစ်များပေးမည့် ကတိကဝတ်များကို ထပ်မံ



မပေးတော့ပေ။ ထို့ပြင် ဥရောပတွင် စွမ်းအင်ဈေးနှုန်းမြင့်တက်လျက်ရှိသောကြောင့် EU နိုင်ငံများကလည်း ယူကရိန်းနိုင်ငံကို ဆက်လက်ပံ့ပိုးကူညီရာတွင် အကျပ်အတည်းများ ရင်ဆိုင်ရလျက်ရှိသည်။ အမေရိကန်ရှိ လက်ယာအစွန်းရောက်နိုင်ငံရေးသမားများကလည်း ယူကရိန်းနိုင်ငံကို နိုင်ငံရေးထက် စစ်ရေးဆိုင်ရာအကူအညီများ ဆက်လက်ပံ့ပိုးပေးသွားရန် ဆန္ဒမရှိတော့ပေ။

**မပြီးဆုံးသေးသောစစ်ပွဲ**

အမေရိကန်နှင့် ဥရောပတို့၏ ကူညီပံ့ပိုးမှုများကျဆင်းလာမှုနှင့်အတူ ရုရှားနိုင်ငံကို ရင်ဆိုင်ရာတွင် ယူကရိန်း၏ ကြံ့ကြံ့ခံနိုင်မှုသည် ၂၀၂၃ ခုနှစ်တွင် တဖြည်းဖြည်း အင်အားချည့်နဲ့လာတော့မည်ဖြစ်သည်။ ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ရုရှားနိုင်ငံကို ရှုတ်ချရေးအတွက် ကုလသမဂ္ဂတွင် မဲခွဲဆုံးဖြတ်စဉ်အနောက်အုပ်စု၏မဟာမိတ်များဖြစ်သော ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ဩစတြေးလျ၊ ကနေဒါနှင့် နယူးဇီလန်တို့သာ ထောက်ခံမဲပေးခဲ့ကြသည်။

နိုဝင်ဘာလရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သော လွှတ်တော်အမတ်များသည် ၂၀၂၃ ခုနှစ် မတ်လထိ တာဝန်ထမ်းဆောင်ရဦးမည်မဟုတ်ချေ။ အဆိုပါကာလအတွင်း ဘိုင်ဒင်အစိုးရအဖွဲ့သည် ယူကရိန်းနိုင်ငံကို အမေရိကန်ဒေါ်လာဘီလီယံ ၅၀ ကူညီရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးသွားဖွယ်ရာရှိသော်လည်း လာမည့်နှစ် ဇန်နဝါရီလထိ အပြီးသတ်နိုင်ဦးမည်မဟုတ်ချေ။ အအေးလွန်ကဲသော ဆောင်းရာသီသည် ယူကရိန်း၏ခံစစ်ကို အဟန့်အတားဖြစ်စေလျက်ရှိသည်။ ရုရှား၏ထိုးစစ်သည် လာမည့်နွေဦးရာသီထိ ဆက်လက်ကြာမြင့်နိုင်သည့်အတွက် ထိုအချိန်တွင် ယူကရိန်း၏လိုအပ်ချက်များ ပြောင်းလဲသွားနိုင်သည်။

ရုရှားနိုင်ငံသည် စစ်ပွဲကာလတစ်လျှောက်လုံးတွင် အမြောက်၊ အီရန်ဒရုန်းများနှင့် အခြားလက်နက်များ အသုံးပြုခြင်းအပါအဝင် မဟာဗျူဟာများပြောင်းလဲကျင့်သုံးလာခဲ့သည်။ မကြာမီ ရုရှားအရန်တပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းတပ်ဖွဲ့ ၃၀၀၀၀၀ ခန့်သည် ယူကရိန်းနိုင်ငံသို့ရောက်ရှိလာနိုင်သဖြင့် မဟာဗျူဟာပြောင်းလဲကျင့်သုံးသွားနိုင်ပေသည်။

ထိုအချိန်တွင် ယူကရိန်းပဋိပက္ခသည် တစ်နှစ်ကျော် ကြာမြင့်နေပြီဖြစ်ပြီး အမေရိကန်ပြည်သူများနှင့် နိုင်ငံရေးသမားများ၏ထောက်ခံမှု ပိုမိုကျဆင်းလာနိုင်ပေသည်။ ဖေဖော်ဝါရီ ၂၄ ရက်ကတည်းက ယူကရိန်းနိုင်ငံသို့ အမေရိကန်ဒေါ်လာဘီလီယံ ၅၀ ကျော်တန်ဖိုးရှိသည့် စစ်ရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဘဏ္ဍာရေးဆိုင်ရာအကူအညီများ ပေးခဲ့ပြီးဖြစ်သောကြောင့် ဝါရှင်တန်အနေဖြင့် ပြည်တွင်းစီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်မှု မရှိသေးသရွေ့ ကာလပတ်လုံး ယူကရိန်းနိုင်ငံကို ထပ်မံကူညီသွားလိုသောဆန္ဒရှိမည်မဟုတ်ပေ။

ရီပတ်ဘလင်ကန်များသည် အောက်လွှတ်တော်သို့မဟုတ် ဆီးနိတ်တွင်အနိုင်ရရှိခြင်းရှိမရှိ စောင့်ကြည့်သွားရမည်ဖြစ်သည်။ ရီပတ်ဘလင်ကန်များအနေဖြင့် လွှတ်တော်နှစ်ရပ်စလုံးတွင် ထိန်းချုပ်ထားသည့်တိုင်အောင် ယူကရိန်းတပ်ဖွဲ့များအနေဖြင့် လာမည့်လများအတွင်း ရုရှားထိန်းချုပ်ထားသောနယ်မြေများကို ပြန်လည်ရယူနိုင်မည်ဆိုလျှင် အမေရိကန်အနေဖြင့် လက်ရှိပံ့ပိုးကူညီထားမှုများကို ဆက်လက်ပေးအပ်သွားဖွယ်ရာရှိသည်။ စင်စစ်အားဖြင့် ယူကရိန်းအနေဖြင့် အမေရိကန်နှင့်ဥရောပ၏ပံ့ပိုးကူညီမှုများ ဆက်လက်ရရှိရေးအလေးထားဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။ ထိုသို့အနောက်အုပ်စု၏ အကူအညီများသာ ဆက်လက်မရရှိတော့လျှင် ယူကရိန်းအနေဖြင့် ရုရှား၏ထိုးစစ်ကို ကြာရှည်ခံနိုင်ရည်ရှိရေးအတွက် ရုန်းကန်သွားရလိမ့်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Why support for Ukraine could dwindle in late 2022 by Asia Times.

**မောင်စိန်အိ(နဘဲမြေ)**

0 w Kv d @

# လက်ဆင့်ကမ်းရည်းစားစာ

စိုးဇာနည်ထွန်း




(၁)

အေးမိမှာ အဘွားတစ်ယောက်ရှိပါတယ်။ အေးမိငယ်ငယ်နဲ့ မိဘနှစ်ပါးဆုံးပါးသွားတော့ အဘွားပဲ အေးမိကို အစစအရာရာကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပါတယ်။ အဘွားမှာ သားသမီးလေးယောက်။ အေးမိအဘွားဟာ လမ်းဗိုလ်ကတော်တစ်ယောက်လဲဖြစ်ပါတယ်။ အဘွားကို တစ်ဆွေလုံးတစ်မျိုးလုံးကလဲ ချစ်ကြောက်ရိုသေကြပါတယ်။ အေးမိအဘွားနာမည်က ဒေါ်တင်မမ။ အဘွားရဲ့ ချစ်စရာကောင်းတဲ့အလေ့တစ်ခုကတော့ အဘွားဆုံးမချင်ပြီဆို ရယ်စရာလေးတွေနဲ့ ခိုင်းနှိုင်းပုံသွင်းဆုံးမယူတတ်တာက အဘွားရဲ့ အားသာချက်တစ်ခုပါပဲ။ အဘွားပြောသမျှ အေးမိက အကုန်လိုက်မှတ်နားထောင်။

"ဟဲ့မြင့်တင် မင်းမလဲကွယ် အိမ်မှာနေရင်းတောင် အဝတ်အစားသစ်တွေနဲ့ မျက်စိစပါးမွေးစူးပါ့တော်"

အဘွားရဲ့သားအငယ်ဆုံးကိုပြောနေတဲ့စကား။

အမှန်တော့ ဘကြီးမြင့်တင်က အိမ်မှာလာတည်းနေတဲ့ ဆွေမကင်းမျိုးမကင်းတစ်ဖက်ရွာက ညီ့သည်တွေထဲက ကောင်မလေးတစ်ယောက်ကို အိမ်ထဲမှာတင် နောက်ပိုးပိုးနေတယ်ဆိုတော့ကား-

"တော်နေကြာ လုံးတင်မလိုဖြစ်နေပါအုံးမယ်"

"အဘွား လုံးတင်မ ဘာဖြစ်လို့လဲ"

အေးမိစပ်စပ်စုစုမေးပြီလေ။

"လုံးတင်မက သူ့ရည်းစားရှိတဲ့ လယ်ထဲသွားပြီး ထမင်းချိုင့်သွားပို့တာ ရည်းစားရှေ့လှချင်တော့ အလျှံအိမ်သွားသလို ဖဲသားအပေါ် အောက်အနီဝမ်းဆက်ဝတ်၊ မိတ်ကပ်အဖွေးသား ဆင်မယဉ်သာလျှောက် လက်ထဲမှာတော့ ဒန်ထမင်းချိုင့်က ငါးဆင့်ချိုင့်ပြောင်ပြောင်ပြောင်ပြောင်နဲ့ နွားမျက်စိနောက်ထင်ပ့ါ နွားလိုက်အဝှေ့ခံရတာလေ။ ပြန်လာတော့ အကျီပြဲ၊ ထဘီပြဲ၊ ဆံပင်စုတ်ဖွား၊ ဖုန်ကတလူးလူးနဲ့ ရွာထဲရှင်လောင်းလှည့်သလို အကြည့်ခံရတာများအေ ပြောစမှတ်ကိုတွင်ကရောပ"

"ဟီးဟီး အဘွားရယ်"

"ဒါက ဘာဟုတ်သေးလို့လဲ ငါ့မြေးသိတယ် မဟုတ်လား ဦးတောကြီးလေ"

"ဟုတ်အဘွား"

"တောကြီးက သူဌေးသာဆိုတယ် သိပ်ဝတ်တယ်စားတယ်မရှိ။ စွပ်ကျယ်ချိုင်းပြတ်၊ ချည်ကြမ်းပုဆိုးနဲ့ ခုံဖိနပ်အစီးများတာလေ။ တစ်လောက တစ်ဖက်ရွာအလှူသွားတာ သူ့ပုံစံကြည့်ပြီးခေါ်မဲ့သူမရှိ ဟင်းပွဲတွေချမပေးလို့ ငုတ်တုတ်ထိုင်နေရတာတဲ့။ ဒါနဲ့သူလဲ အိမ်ပြန်ပြီး ဝတ်ကောင်းစားလှတွေဝတ်၊ နွားကြန်စုံပြင်လှည်းဦးထိပ်မှာ မိန့်မိန့်ကြီးထိုင်ပြီး ပြန်သွားတော့မှ ပျာပျာသလဲ-

"သူဌေးကြွပါကြွပါ"နဲ့လုပ်ပြီး အစားအသောက်တွေ တည်ခင်းညှော်ခံတော့ သူ့အဝတ်အစားတွေကို-

"ရော့စားစား မင်းတို့ကိုကျွေးတာ"ဆိုပြီး အဝတ်အစားတွေကိုကျွေးတဲ့အသွင်လုပ် ပြောပြောပြီး ပြန်လာသတဲ့။

"ဟီးဟီး"

"ဒူးနေရာဒူး တော်နေရာတော် ဝတ်တတ်စားတတ်မှငါ့မြေးရဲ့"

"အခု ညည်းဘကြီးမြင့်တင်လုပ်ပုံ အချိုးတကျမရှိတာ အိမ်မှာနေ ပိုးပုဆိုးဝတ်ပြနေတော့ မတော်ကျွတ်ကျမှဖြင့် အဘွားမတွေးရဲပေါင်အေ"

"ဟီးဟီး ဟုတ်အဘွား"

(၂)

မှတ်မိပါသေးတယ် အေးမိငယ်ငယ်က ထမင်းစားသင်ပေးတာ လက်ငါးချောင်းနဲ့ထမင်းကိုယူ၊ ပါးစပ်ကိုဟ လက်မနဲ့ထမင်းလုတ်ကို ပါးစပ်ထဲထိုးသွင်းပြီး စားရတာဆိုတာလေး။ စားရင်လဲ ပလပ်ပလပ်မြည်အောင် မစားနဲ့တဲ့။ ပေနေတဲ့လက်တွေကိုလဲ ပါးစပ်နဲ့စုပ်စုပ်ပြီးမစားဖို့။ အဘွားအသင်အပြကောင်းလို့လား မသိ အဘွားရဲ့သားသမီးလေးယောက်စလုံးဘွဲ့ရပညာတတ်တွေ အကုန်ဖြစ်ပါတယ်။

အဘွားတို့မြို့ကိုပြောင်းလာတော့ အေးမိလဲ မြို့သူဖြစ်လာတာပေ့ါ။ အဘွားက သူ့အကြောင်းတွေ အေးမိကို ပြောပြပါတယ်။ အဘွားတို့မိဘတွေက ဒုတိယကမ္ဘာစစ်မဖြစ်ခင်က မြို့ပေါ်မှာနေကြကြောင်း၊ အဘွားက စစ်ကိုင်းABM ကျောင်း (ခရစ်ယာန်သီလရှင်ကျောင်း)မှာ ရှစ်တန်းထိနေခဲ့သူဖြစ်ပြီး စစ်ကြီးဖြစ်တဲ့အချိန် ကျောင်းတွေပိတ်မှ မြို့ကိုပြန်ရောက်၊ ဂျပန်တွေ မြို့ထဲကိုဝင်လာတော့ အဘွားနဲ့ရွယ်တူကောင်မလေးတွေကြောက်လန့်ပြီး ပုန်းကြတော့ အဘွားက အကြောက်အလန့်မရှိ ဒီအတိုင်း အိမ်ရှေ့မှာထိုင်နေတာဖြစ်ကြောင်း၊ ဂျပန်ဗိုလ်ကြီးက အဘွားကို သူသွားချင်တဲ့နေရာအခြေအနေမေးတော့ အဘွားက အင်္ဂလိပ်လိုပြောပြီး ရှင်းပြပြောဆိုကြောင်း၊ ဂျပန်ကြီးက အဘွားကို ဘယ်ကျောင်းမှာတက်တာလဲလို့မေးတော့ စစ်ကိုင်း ABM ကျောင်းမှာ တက်တာဖြစ်ကြောင်း အပြန်အလှန်ပြောဆိုခဲ့သတဲ့။ အေးမိက-

"အဘွား အဘွားကို ဂျပန်တွေဝင်ဆွဲသွားမှာ မကြောက်ခဲ့ဘူးလား"လို့မေးတော့ အဘွားက-

"ဘာကြောက်စရာလိုလို့လဲ ငါ့မြေးရယ်။ အဘွားက မနက်တိုင်းပုဗ္ဗဏှသုတ်ရွတ်ပြီး သီလလုံအောင်ထိန်းတာလေ"လို့ ပြောပြခဲ့ပါတယ်။

(၃)

အဲဒီခေတ် အဘွားက ရှစ်တန်းထိပဲ ကျောင်းနေခဲ့ရပေမဲ့ အင်္ဂလိပ်လိုမှတ်နေအောင် ပြောတတ်ပါတယ်။ အခုခေတ်ဘွဲ့ရတာတောင် အင်္ဂလိပ်လိုမပြောနိုင်ကြ။

ဂျပန်ခေတ်မှာ ဆပ်ပြာရှားပါးတော့ ခန္ဓာကိုယ်မှာ သန်းချေးမတွေ ကပ်တွယ်ပေါက်ဖွားကြောင်း၊ မြစ်ဆိပ်မှာရေချိုးပြီဆို အတွင်းခံတွေ၊ အကျီတွေကြားထဲက ကိုသန်းတွေကို ရေစိမ်လျှော်တာတောင်မရတော့ သန်းချေးမတွေကို အဝတ်ရိုက်တုတ်တွေနဲ့ထုသတ်ရကြောင်း၊ ဝဲနာတွေ၊ ယားနာတွေ စတဲ့အရေပြားရောဂါတွေအင်မတန်ဖြစ်ကြောင်း စသဖြင့် ရှေးဟောင်းနှောင်းဖြစ်တွေလဲ ပြောပြခဲ့ပါတယ်။

အဘွားက မြန်မာဆေးနည်းတွေဆိုလဲ နှံ့နှံ့စပ်စပ်ရှိတော့ အရေးအကြောင်းတစ်ခုခုဖြစ်ရင် အဘွားသေတ္တာထဲမှာ အဘွားစုဆောင်းထားတဲ့ မင်းကွတ်သီးအခွံခြောက်၊ ကြွေပုပ်၊ ကျောက်ခရု၊ ကဒတ်ခေါက်၊ ပုလင်းနဲ့ထည့်ထားတဲ့ အဘွားကိုယ်တိုင် ဆေးဖော်ထားတဲ့ ဆိတ်ချေးတုံးလေးတွေလို မည်းမည်းလုံးလေးတွေ၊ တေဆေးဇာတိပ္ဖိုလ်သီး၊ တောပျားရည်စစ်စစ်၊ စပါးကြီးသည်းခြေခြောက်၊ တောင်ဆိတ်ဆီ၊ နှမ်းနက်ဆီ၊ ကတိုးမှုန့်၊ ကျားရိုး စသဖြင့် အစုံပါပဲ။ အဲဒါတွေနဲ့ ကုပေးတတ်တာပါပဲ။

ဝမ်းကိုက်ရင် မင်းကွတ်သီးကို ဆန်ဆေးရည်နဲ့သွေးတိုက်တာပါပဲ။ လေထိုးလေအောင့်ပဲဖြစ်ဖြစ်၊ နှာပဲစေးစေး အဘွားက ဇာတိပ္ဖိုလ်သီးအရည်နဲ့ ပျားရည်ကိုရောထားတာ မနက်တစ်ဇွန်း၊ ညတစ်ဇွန်းတိုက်တာနဲ့ ပျောက်တာပါပဲ။ မျက်စိနာ၊ မျက်စိပူဖြစ်ရင် ကျောက်ခရုသွေးပြီး မျက်စိကွင်းပေးတာပါပဲ။ ပြည်တည်နာတွေဆို ကဒတ်ခေါက်နဲ့ဆားပျစ်ပျစ်သွေးပြီး လိမ်းပေးတာပျောက်သွားတာပါပဲ။ မျက်စိကြည်မျက်လုံးကောင်းအောင် တစ်အိမ်လုံးကို မြင်းခွာရွက်အစိမ်းစားခိုင်းပါတယ်။ ဆီးလဲကောင်း အပူလဲကင်းတယ်လို့ ပြောပါတယ်။

အေးမိကိုတော့ အသားအရေလှအောင်ဆိုပြီး ခရမ်းချဉ်သီးနီရဲရဲကို ဒီအတိုင်း အစိမ်းစားခိုင်းတဲ့အဘွားပါ။ ပြောရရင် အများကြီးပါ။ အေးမိအဘွားက အတော်တော်ပါတယ်။ အေးမိရဲ့ဘထွေးတစ်ယောက်ကတော့ အဘွားမသိအောင် အဘွားဆီက ကျားရိုးကို သူခွေးသေးတိုက်လိုက်တာ ခွေးက လူလိုက်ကိုက်တတ်တဲ့ခွေးဆိုးဖြစ်သွားလို့ သံကြိုးနဲ့ အမြဲချည်ထားရပါရောလား။

(၄)

ဒီလိုနဲ့ အေးမိ မြို့ကျောင်းမှာ ရှစ်တန်းကျောင်းသူတစ်ယောက်ဖြစ်လို့လာပါပြီ။ အဘွားကလဲ မြီးကောင်ပေါက်လေးဖြစ်လာတဲ့အေးမိကို မျက်ခြည်ပြတ်မခံ အရိပ်တကြည့်ကြည့်။

"အေးမိရေ အေးမိ"

"ရှင် အဘွား"

"ငါ့မြေးအပျိုဖြစ်ရင် အဘွားကိုပြောနော်"

"အပျိုဖြစ်တာဆိုတာဘာလဲ အဘွားရဲ့"

"ဩော်. . . ငါ့မြေးရယ် အပျိုဖြစ်တယ်ဆိုတာ တစ်လတစ်ခါ ဓမ္မတာ(ရာသီ)လာတာကိုပြောတာ ငါ့မြေးရဲ့"

အေးမိအပျိုစဖြစ်တော့ အဘွားကိုပြောရတာပေ့ါ။

အဘွားက အပျိုဖြစ်ရင် ဒီလိုလုပ်ရတယ်၊ ဒီအစားအစာတွေရှောင်ရတယ် စသဖြင့် ဆောင်ရန်၊ ရှောင်ရန်နဲ့ နည်းဥပဒေတွေ လုပ်ထုံးလုပ်နည်းတွေ အားလုံးသင်ပေးပါတယ်။ အေးမိကိုလဲ ရည်းစားမထားဖို့၊ ရည်းစားရရင်လဲ အဘွားကိုပြောပြဖို့ အကုန်ဂရုတစိုက်နဲ့ ဆုံးမသွန်သင်ပါတယ်။

အေးမိတို့ခေတ်က စာပေးတဲ့ခေတ်လေ။ အခုခေတ်လို ဖုန်းနဲ့ ရည်းစားဖြစ်ကြတာမှမဟုတ်တာ။ အဘွားက မိဘမဲ့အေးမိကို အဘွားသားသမီးတွေထက်သနားကရုဏာပိုပြီး ဂရုတစိုက်နဲ့ချစ်ရှာပါတယ်။

တစ်နေ့ အဘွားက-

"အေးမိ ရေမြင့်မှ ကြာမြင့်မယ်ဆိုတာ သိတယ်မဟုတ်လား"

"ဟုတ်အဘွား"

"ကြာပင်က ရေထဲမှာပေါက်တာလေ ရေနိမ့်တော့ ကြာပေါက်ပေမဲ့ ကြာပင်ကလဲ နိမ့်မှာ ကြည့်ရတာမလှဘူး"

"ဟုတ်ကဲ့အဘွား"

"မိန်းကလေးတွေရဲ့ဘဝဆိုတာကလဲ ရေထဲမှာပေါက်တဲ့ကြာပင်လေးတွေလိုပါပဲ။ ကြာပန်းလေးတွေက လှပေမဲ့ သူပေါက်တဲ့ရေရဲ့အနိမ့်အမြင့်အလိုက် ဘဝအနိမ့်အမြင့်တွေ ကွာသွားသလိုပေ့ါ ငါ့မြေးရယ်"

"အဘွားဆိုလိုတာ ငါ့မြေးသိတယ်မဟုတ်လား"

"ဟုတ် သိပါတယ်အဘွား"

"ငါ့မြေး ကိုးတန်းမှာ ယောကျ်ားယူရင် ကိုးတန်းအဆင့်ပဲရမယ်။ ငါ့မြေးဆယ်တန်းမှာယောကျ်ားယူရင် ဆယ်တန်းအဆင့်ယောကျ်ားပဲရမယ်။ ငါ့မြေးအေးမိ ပညာတတ်ကြီးဖြစ်အောင်လုပ်။ ငါ့မြေးပညာတတ်မှ ငါ့မြေးလို ပညာတတ်ယောကျ်ားနဲ့တွေ့မှာ။ မိန်းကလေးတွေဆိုတာ မိဘလက်ထက်မှာ အကုန်လုံးအတူတူပဲ အိမ်ထောင်ကျမှသာ ကိုယ်ယူတဲ့ယောကျ်ားရဲ့ အဆင့်အလိုက်ကွာခြားသွားကြတာ။ ငါ့မြေးက ရုပ်ရည်ချောတော့ အပျိုကြီးဖြစ်ဖို့ ဇာတာမပါဘူး။ အဘွားသိတယ် ဝိုင်းဝိုင်းလည်မဲ့သူ ငါ့မြေးကိုအဘွားချစ်လွန်းလို့ပြောပြနေတာ ငါ့မြေးတစ်သက်လုံးအတွက်မှတ်ထားပါ"

"ဟုတ်ကဲ့ပါ အဘွား"

(၅)

"အဘွားရေ အဘွား"

"ဟေအေးမိ ငါ့မြေး"

စာမျက်နှာ ၂၇သို့ ➤

# ယခုဘဏ္ဍာနှစ် အောက်တိုဘာလထိ ပြည်တွင်း၌ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း အခုရေ ၄၅၆၉၀ ထိ တရားဝင်မှတ်ပုံတင်၍ လုပ်ကိုင်ဆောင်ရွက်နေ



**နေပြည်တော် နိုဝင်ဘာ ၁၃**

ယခုဘဏ္ဍာနှစ် အောက်တိုဘာလထိ ပြည်တွင်း၌ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းအခုရေ ၄၅၆၉၀ ထိ တရားဝင်မှတ်ပုံတင်၍ လုပ်ကိုင်ဆောင်ရွက်နေကြောင်း စက်မှုဝန်ကြီးဌာန သတင်းများအရ သိရသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည့်အကူအညီများ ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းရှိပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများကို မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခဲ့ရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တရားဝင်မှတ်ပုံတင် ဆောင်ရွက်နေသည့် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်း ၄၃၂၁၁ ခုသာရှိခဲ့ရာမှ ယခုဘဏ္ဍာနှစ် အောက်တိုဘာလထိ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း အခုရေ ၄၅၆၉၀ ထိ ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းများ တရားဝင် မှတ်ပုံတင်ဆောင်ရွက်ခဲ့သည့် အခြေအနေများမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ၄၃၂၁၁ ခုမှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း အခုရေ ၄၃၂၇၅ ခု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ၄၃၃၅၉ ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ၄၄၄၃၉ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ၄၅၉၅၁ ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်း ၄၈၀၉၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ၅၀၀၆၅ ခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်း ၅၁၆၆၇ ခု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းအခုရေ ၅၁၇၂၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ၄၉၈၇၃ ခု၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်း ၄၅၈၁၂ ခုနှင့် ယခုဘဏ္ဍာနှစ် အောက်တိုဘာလထိ ပုဂ္ဂလိကစက်မှုလက်မှုလုပ်ငန်းအခုရေ ၄၅၆၉၀ ထိ လုပ်ကိုင် ဆောင်ရွက်နေကြောင်း သိရသည်။

SKL

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်ထားမှု စစ်ဆေး

**မလှိုင် နိုဝင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွာသစ်ကျေးရွာ၌ နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာ၌ နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည့် တောင်သူများ လိုအပ်သောမျိုးစေ့၊ သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်ချက်များဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း၊ ယခုအခါ အဆိုပါရန်ပုံငွေများဖြင့် ကျေးရွာရှိ ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူ ၁၁၃ ဦး၊ စိုက်ဧက ၁၈၇ ဒသမ ၅ ဧကကို နေကြာအပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**



## ကျေးလက်ကောက်ရိတ်ချိန်

\- မြောက်ပြန်လေ နေ့သရမ်း
နှင်းရည်ဆမ်း ဟေမန်ခါ၊
ကောက်ပင်ပျို ဘယ်ညာတိမ်း
ယိမ်းနွဲ့မူရာ၊
ကွင်းလုံးပြည့် ရွှေရောင်ဖြာ
ပျို့လယ်ယာ ရှုခင်း၊
ငွေနှင်းရည် သောက်လို့ဝ
လှပလေခြင်း။

\- ကောက်ရိတ်ဖော် ဆွေတစ်သင်း
တေးဆိုရင်း လုပ်ငန်းဝင်၊
ညီတညာ ဖေးကူကြ
မြူးကြပျော်ရွှင်၊
ရွှေရည်လူးတဲ့ လယ်ကွင်းပြင်
ပျိုမေခင် ရွှင်ပြုံး၊
ဟိုရွာသူ သည်ရွာသားတို့
ပွားလို့ချစ်ထုံး။

\- ရိုးသားစွာ စိတ်နှလုံးနဲ့
ပျော်မဆုံး ကျေးလက်မြေ၊
ကျေးဇူးရှင် ဦးကြီးများ
စီးပွားဖြိုးဝေ၊
စပါးလှေ့လို့ ကောက်လှိုင်းခွေ
မြန်မာ့အမွေ ကျေးလက်ဓလေ့၊
ကောက်ဦးပေါ် အလှူပွဲလည်း
ဆင်နွှဲပျော်မွေ့။ ။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

# နတ်မောက်မြို့နယ် မျက်ရဲကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သော နတ်မောက်မြို့နယ် မျက်ရဲကန်ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၈ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ မျက်ရဲကန်ကျေးရွာ၌ လမ်းအရှည် ၆၄၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် VDP စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၅ သိန်း စုစုပေါင်း ၁၁ ဒသမ ၅ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ဝန်ထမ်းများက နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီး၍ ကျေးရွာ၏လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကျိုးရှိစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းသူရက ပြောပြ၍ သိရသည်။

**သော်သော်**

➤ စာမျက်နှာ ၂၆မှအဆက်

"ဒီမှာ အေးမိကို ကျောင်းက ကောင်လေးတစ်ယောက်က ရည်းစားစာပေးလို့"

"အေးပြုံ"ပြောပြီး အဘွားဖတ်ပါတယ်။

အေးမိလဲ စာတွေရတိုင်း အဘွားကိုပေးပစ်တာပါပဲ။

နောက်ဆယ်နှစ်ကြာတဲ့အခါမှာတော့ အေးမိဟာ အဘွားဆုံးမသလို ဘွဲ့ရပညာတတ်ဖြစ်မှ ရည်းစားထားပါတယ်။ အဘွားဆီခေါ်လာပြ။ အဘွားကြိုက်၊ အဘွားလက်ခံသူမှသာ အေးမိစဉ်းစားပါတယ်။ အေးမိမင်္ဂလာဆောင်မှာ အဘွားလဲ ပဝါကြီးနှစ်ဖက်စုံချလို့ ပျော်တပြုံးပြုံးပါ။ အဘွားပျော်မှာပေါ့ အဘွားက အေးမိနဲ့ပတ်သက်သမျှ၊ အေးမိကို လက်ထပ်ခွင့်တောင်းသူမှန်သမျှရဲ့ နောက်ကြောင်းဇာစ်မြစ်မျိုးရိုးစိတ်နေစိတ်ထားကအစ ရာဇဝင်အူပေါက်စုံစမ်းမေးမြန်းလေ့လာတီးခေါက်ပြီးမှသာ လက်ထပ်ဖို့သဘောတူခဲ့သူမို့ပါ။

အဘွားသားသမီးတွေလဲ ထိုနည်းတူစွာပါပဲ။ အေးမိ အဘွားလောက် ဉာဏ်ကောင်းသူ၊ တော်သူ၊ ရှေ့ရေးကို ကြိုမြင်တတ်သူ၊ အဆုံးအမကောင်းသူ၊ ပြောတတ်ဆိုတတ်သူ၊ သြဇာညောင်းသူ အေးမိဘဝမှာ မတွေ့ဖူးပါဘူး။ အဘွားရဲ့ဆုံးမသွန်သင်မှုကို မြေဝယ်မကျနားထောင်ခဲ့တဲ့အေးမိဟာ အိမ်ထောင်ရေးကံကောင်းသူတစ်ယောက်ဖြစ်ပြီး အေးချမ်းပျော်ရွှင်ဂုဏ်တင့်တယ်စွာ ဘဝတစ်လျှောက်နေထိုင်ခဲ့ရပါတယ်။ အေးမိအိမ်ထောင်ကျပြီး ကလေးနှစ်ယောက်ရမှ အဘွားဆုံးပါတယ်။ အဘွားဆုံးသွားတော့ အသက် ၁၀၂ နှစ်။

(၆)

အဘွားဆုံးပါးပြီးနောက် အဘွားဆေးသေတ္တာကိုဖွင့်ကြည့်တော့မှ အေးမိတောင် သိပ်မမှတ်မိတော့တဲ့ အဘွားကို အပ်ခဲ့တဲ့ အေးမိ ကိုးတန်း၊ ဆယ်တန်းတုန်းက ရည်းစားစာတွေ တစ်ထပ်ကြီး ထွက်လာပါတော့တယ်။ စာရွက်တွေတောင် တော်တော်လေးနွမ်းကြေနေပါပြီ။

တစ်ဆက်တည်း အဘွားရဲ့ ဆုံးမစကားတွေ၊ ယောကျ်ားတွေအကြောင်း၊ လောကအကြောင်းတွေ အသိအမြင်ရှင်းအောင်၊ နားဝင်အောင်ပြောကြားခဲ့တဲ့စကားတွေကို မြင်ယောင်ကြားယောင်လာမိပါတော့တယ်။ နောက်တော့ အေးမိပြုံးမိပါတယ်။ အေးမိရဲ့ သားသမီးလေးတွေအတွက် လက်ဆင့်ကမ်းသွန်သင်ဆုံးမစရာတစ်ပုံတစ်ပင်ရှိနေပြီမို့လို့ ကျေကျေနပ်နပ်ပြုံးမိသွားခြင်းသာဖြစ်ပါတယ်။

# ပညာသည်သာ အခရာ

နန်းယဉ်(ရစ်ကန်ကြီး)

ပညာဟူသည် လူ့ဘဝ၏ အလင်းတန်ဆောင်ဖြစ်သည်။ ပညာဟူသည်ကား အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သော အစွမ်းသတ္တိရှိသည်။ ပညာတတ်မြောက်လျှင် "မျက်ကန်းလမ်းလျှောက်"နှင့်မတူဘဲ အရာရာကိုထွန်းပေါက်အောင်မြင်လွယ်ပေသည်။ မိမိတတ်ထားသောပညာဟူသည်ကား တစ်ပါးသူ ခိုးယူ၍လည်းမရ၊ လုယူ၍လည်းမရပါ။ မိမိ၏ပညာကို မိမိသာလျှင် ပို၍အရောင်လက်အောင် စွမ်းဆောင်နိုင်သကဲ့သို့ တစ်ပါးသူ၏စွမ်းဆောင်ရည်ကို အတုယူ၍လည်း မိမိပညာကို တိုးပွားအောင် ဆောင်ရွက်နိုင်ပေသည်။ ပညာဟူသည်အရာကား ဘယ်သောအခါမှ ပျောက်ပျက်သွားသည်မဟုတ်။ လိုအပ်သည့်အချိန်တိုင်းတွင် ထုတ်ယူသုံးစွဲနိုင်သော ရွှေအိုးကြီးတစ်လုံးကို ပိုင်ဆိုင်ထားသည်နှင့်တူပေသည်။ ထို့ကြောင့်ပင် "ပညာရွှေအိုး လူမခိုး"ဟု ပညာရှိတို့ မိန့်ဆိုခြင်းဖြစ်သည်။

**ပညာဟူသည် လောက၏ရှေ့ဆောင်**

"ပညာဟူသည် ချွန်းတောက်မ"ဟု ကန်တော်မင်းကျောင်းဆရာတော်က ဟောဖော်ညွှန်ကြားထားပေသည်။ ချွန်းဟူသည်က ဆင်ရိုင်းတို့ကိုပင် ကျိုးသွင်း၍ လိမ္မာအောင်သင်ကြားရာ၌ အသုံးပြုပေသည်။ ဆင်ဦးစီးတို့သည် ဆင်များကို ထိန်းကျောင်းရာတွင် ဆင်များ စိတ်ရိုင်းမဝင်စေရန်အလို့ငှာ "ချွန်း"ဖြင့် ပေါက်၍ ဆင်ကိုသတိပေးရပါသည်။ ထိုကဲ့သို့ပင် ပညာဟူသည်မှာ လူသားတို့၏စိတ်ကို ထိန်းချုပ်ပေးရာ အကောင်းဆုံးသောသမားတော်ဖြစ်သည်။ စိတ်ကောင်းစိတ်မြတ်များဖြစ်ပေါ်နေစေရန် ပညာကသာလျှင် ထိန်းချုပ်ပေးထားပေသည်။ လောကအလယ်တွင် မကောင်းခြင်းရှောင်၍ ကောင်းခြင်းဆောင်ရန် မီးမောင်းထိုးပြခြင်းမှာလည်း ပညာပင်ဖြစ်သည်။ ပညာဟူသည် အသိဉာဏ်ကို ရှင်သန်စေနိုင်သော အားဆေးတစ်ခွက်ပင်ဖြစ်ပါသည်။

လူ့လောကတွင် ကျင်လည်နေကြရသော လူသားအားလုံးတို့သည် ပညာဖြင့်လမ်းလျှောက်မှသာ ခရီးပေါက်မြောက်ပေသည်။ မည်မျှပင် ငွေကြေးချမ်းသာသူဖြစ်စေ၊ ပညာအရာတွင် ဗလာဖြစ်ခဲ့ပါလျှင် စည်းစိမ်ဥစ္စာသည်လည်း တိုးပွားရန်မရှိဘဲ နေမြဲဖြစ်နေပေလိမ့်မည်။ နည်းပညာ၊ ရှေးရိုးလုပ်ထုံးလုပ်နည်းများကို သိသော်လည်း ပညာဟူသောအသိဉာဏ်ဖြင့် ပိုင်းခြားဆုံးဖြတ်နိုင်မှုနည်းပါးသည့်အခါ ထင်သလောက်ခရီးမပေါက်ဘဲဖြစ်နေပါလိမ့်မည်။ လောကတွင် ငွေချမ်းသာလျှင် ပြီးပြည့်စုံပြီဟု ထင်မှတ်ကြသော်လည်း ပညာမရှိလျှင် ငွေချမ်းသာသော်လည်း လူဘုံအလယ်တွင်ပြောသောစကားသည် အဆီအငေါ်မတည့် အရေးမပါဖြစ်နေမည့်အပြင် လူရာမဝင်ဘဲ မျက်နှာငယ်ရပေလိမ့်မည်။ လောကတွင် ကျင်လည်နိုင်ရန် ပညာရှိမှသာ ပြီးပြည့်စုံနိုင်ပေလိမ့်မည်။ ပညာသာလျှင် လောကရှေ့ဆောင်ဖြစ်ပေသည်။

လူ့ဘဝတွင် ရုပ်ဆင်းအင်္ဂါချောမောတင့်တယ်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟုဆိုကြသည်။ သို့သော် လိုက်ဖက်သောအသိပညာ၊ အတတ်ပညာမရှိလျှင် ရုပ်ဆင်းအင်္ဂါသည် အလိုလိုမှေးမှိန်သွားရပေသည်။ အဆင်းသာရှိ၍ အချင်းမရှိသောသူဟုသာ လူအများ၏မှတ်ယူခြင်းကို ခံစားကြရပေမည်။ ထို့ကြောင့် မန်လည်ဆရာတော်ကြီး၏ မဃဒေဝလင်္ကာသစ်၌ "မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏"ဟု ဖော်ညွှန်းရေးသားထားပေသည်။ ပညာမရှိသည့်အခါ ပေါက်ပန်းပွင့်ပမာ အလှဆန်းသော်လည်း ရနံ့ကင်းသောအဖြစ်သို့သာ ရှိပေလိမ့်မည်။ လုံးတော်ဆရာတော်၏ မူလသြဝါဒကထာစာတမ်း၌လည်း "အရွယ်အဆင်းလှပခြင်းဖြင့် ပညာကင်းသူကို လူမဆန်၊ အရောင်အဆင်းဖြင့် ရနံ့ကင်းသောပန်းကိုလူမပန်"ဟု ရေးဖွဲ့ညွှန်ပြထားပေသည်။ ထို့ကြောင့် ပညာသာလျှင် လူ့ဘဝ၏ ရှေ့ဆောင်ဖြစ်ပေသည်။

**ပညာအပြားသုံးပါး**

ပညာဆိုသည်မှာ တတ်မြောက်ထားပြီးလျှင် သေချာမှတ်သားထားရမည်။ ထိုပညာဖြင့် လောကကို ထိုးထွင်းမြင်နိုင်ရမည်။ ချဲ့ထွင်နိုင်ရပေမည်။ "ပညာဟူသည် စာအုပ်ထဲ၌သာရှိသည်မဟုတ်၊ စာအုပ်များကိုကျော်လွန်၍ မြင်နိုင်စွမ်းရှိရမည်။

❖ ပညာသင်ယူရာတွင် ဇွဲ၊ လုံ့လ၊ ဝီရိယရှိရပေမည်။ မိမိကိုယ်မိမိ ဉာဏ်မကောင်းဟူ၍ စိတ်အားငယ်လိုက်လျှင် ပညာသည်ဆုတ်ယုတ်သွားပေလိမ့်မည်။ ဉာဏ်အရည်အသွေးဟူသည်ကား စာပေပညာ များများ လေ့လာဆည်းပူးလျှင် အဆမတန်ထက်မြက်လာခြင်းဖြစ်ပေသည်။ ထို့ကြောင့် ဉာဏ်မကောင်းလျှင် စာကိုကျက်သည်ဆိုတာထက် မှတ်တတ်အောင်ကြိုးစား၍ ဇွဲမလျှော့ဘဲ ထပ်ခါထပ်ခါဖတ်မှတ်လေ့ကျင့်ရပေမည်။ မိမိကိုယ်တိုင် လုံ့လစိုက်ထုတ်၍ အားလပ်ချိန်တိုင်းတွင် လေ့လာမှတ်သားကြရမည်။ ❖

ရာဇဝင်ကိုသိရုံသာမဟုတ်၊ ရာဇဝင်ကို ဖန်တီးနိုင်ရမည်။ လောကဓာတ်ပညာကို တိုးချဲ့စေနိုင်ရမည်။ ပထဝီကို သိရုံသာမဟုတ်၊ မြေသစ်၊ ရေသစ်၊ တောတောင်သစ်ကို ရှာဖွေစုံစမ်းနိုင်ရမည်"ဟု ဗိုလ်ချုပ်အောင်ဆန်းက မိန့်ဆိုခဲ့ဖူးပါသည်။ ပညာကို ချဲ့ထွင်ဆန်းသစ်၍သာ ယခုသို့ခေတ်မီသော IT နည်းပညာခေတ်ထိ ရောက်ရှိလာခဲ့ခြင်းပင်ဖြစ်သည်။ ခေတ်အဆက်ဆက် ခေတ်မီလာသည်နှင့်အမျှ ပညာမရှိလျှင် ခေတ်နှင့်အဆက်ပြတ်၍ ခေတ်နောက်ကျကျန်နေကြရမည်သာဖြစ်သည်။ ခေတ်မီလာသည်နှင့်အမျှ ပညာသည် တန်ဖိုးပို၍ကြီးမားလာပါသည်။ ပညာခေတ်မှာ ပညာမတတ်မြောက်ထားလျှင် ဘယ်အရာကိုလိုက်၍မီနိုင်ပါတော့မည်နည်း။

မုံရွေးဆရာတော်က ပညာအပြားသုံးပါးကို ရှင်းလင်းဖော်ပြထားသည်။ သုတမယပညာ (အမြင်အကြားကြောင့်တတ်သောပညာ) ပညာတတ်ရုံနှင့်မလုံလောက်ဘဲ ကြားသမျှ၊ မြင်သမျှပညာများကို ဆည်းပူးလေ့လာတတ်မြောက်ခြင်းရှိရပေမည်။ စိန္တာမယပညာ(ကြံစည်ဆင်ခြင်စဉ်းစား၍တတ်သောပညာ) လေ့လာဆည်းပူး၍ရသမျှပညာများကို သိမ်းဆည်းထားရုံနှင့် အဘယ်အရာမှဖြစ်တည်မလာနိုင်ပါ။ ထိုပညာရပ်တို့ဖြင့် မည်သည့်အကျိုးရှိသောလုပ်ငန်းဆောင်ရွက်ရမည်ကို စဉ်းစားဆင်ခြင်၍ ကြံစည်ကြိုးစားကြရပေမည်။ ဘာဝနာမယပညာ (ကျင့်ကြံပွားများ အားထုတ်၍သိသောပညာ)ပညာဖြင့် အသက်မွေးသောသူတို့သည် ကောင်းသောအကျင့်အမြတ်တို့ဖြင့် ကျင့်ကြံအားထုတ်လျက် လောကုတ္တရာအကျိုးဖြစ်သော ဝိပဿနာတရားများကို ကျင့်ကြံလျက် အသက်ရှင်နေထိုင်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ပညာအပြားသုံးပါးနှင့်အညီ နေထိုင်ခြင်းသည် ပညာဟူသောဂုဏ်ဒြပ်ကြောင့် ပညာသတိဖြင့်နေထိုင်သော ကောင်းသောအမူအကျင့်များကိုသာ ဖြစ်စေပါသည်။

**ပညာရှာရာဝယ်**

ပညာရှာရာဝယ် ငယ်ရွယ်စဉ်တွင် ပညာရှာပါဟူသည်ကို တစ်သမတ်တည်းမှတ်သားထားရန်မလိုပါ။ တချို့သည် ငယ်ရွယ်စဉ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်သည်များရှိပေသည်။ ထိုသို့သောသူများအတွက် ငယ်ရွယ်စဉ်တွင် ပညာရှာဆိုသည်ကိုသာ မှတ်ထားခဲ့လျှင် ပညာနှင့် များစွာကင်းကွာသွားပေလိမ့်မည်။ ပညာဟူသည်ကား အသက်အရွယ်နှင့်မသက်ဆိုင်ပါ။ ပညာတတ်မြောက်ရန် သင်ကြားလိုစိတ်ရှိရန်သာ အရေးကြီးပါသည်။ ပညာဟူသည်ကား အသက်ရှင်နေသမျှကာလပတ်လုံး အချိန်ရသရွေ့ ဆည်းပူးလေ့လာနေရမည့်အရာသာဖြစ်ပါသည်။ အနည်းဆုံး စာရေးစာဖတ်အတတ်ပညာကိုဖြင့် တတ်မြောက်အောင် သင်ယူထားရပေမည်။ ထို့ကြောင့်ပင် "ပညာလို အိုသည်မရှိ"ဟု ဆိုရိုးစကားပြုထားခြင်းပင်ဖြစ်သည်။

ပညာသင်ယူရာတွင် အချိန်အခါနေရာဒေသကို ကြည့်ရန်မလိုပါ။ မိမိတတ်မြောက်လိုသော ပညာကို မည်သည့်အချိန်၊ မည်သည့်နေရာမှာပင်ဖြစ်စေ သင်ယူရန်သာလိုအပ်ပါသည်။ အရှက်အကြောက်ဟူသည် မလိုအပ်သောနေရာတွင်ထားပါက အောင်မြင်မှုသည်လည်း လွဲချော်နေပေလိမ့်မည်။ "မသိလျှင်မေး"ဟူသည့်စကားကို လိုက်နာကျင့်သုံးကြရမည်။ မသိသည်ကိုမမေးဘဲ ရှက်သလို၊ ကြောက်သလိုဖြစ်နေခဲ့ပါလျှင် မိမိသိလိုသော၊ တတ်မြောက်လိုသောအရာသည် မိမိနှင့်ပို၍ဝေးကွာသွားပေလိမ့်မည်။ ပညာဟူသည်ကား လေ့လာဆည်းပူး၍ရသမျှကို စိတ်ထဲမှတ်သားဆည်းပူးနိုင်မှသာလျှင် ခေတ်မီတိုးတက်လာသောခေတ်ရေစီးကြောင်းပေါ်၌ အလိုက်သင့်လိုက်ပါသွားနိုင်မည်သာဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မိမိသိသမျှနှင့်သာ ရောင့်ရဲတင်းတိမ်နေပါလျှင် ခေတ်နှင့်ကွာဟမှုဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် "ပညာသင်ခါမရှက်ရာ"ဆိုသည့်အတိုင်း မရှက်မကြောက်ဘဲ သင်ယူတတ်မြောက်ရန် ကြိုးစားကြရပေမည်။

ပညာသင်ယူရာတွင် ဇွဲ၊ လုံ့လ၊ ဝီရိယရှိရပေမည်။ မိမိကိုယ်မိမိ ဉာဏ်မကောင်းဟူ၍ စိတ်အားငယ်လိုက်လျှင် ပညာသည်ဆုတ်ယုတ်သွားပေလိမ့်မည်။ ဉာဏ်အရည်အသွေးဟူသည်ကား စာပေပညာ များများလေ့လာဆည်းပူးလျှင် အဆမတန်ထက်မြက်လာခြင်းဖြစ်ပေသည်။ ထို့ကြောင့် ဉာဏ်မကောင်းလျှင် စာကိုကျက်သည်ဆိုတာထက် မှတ်တတ်အောင်ကြိုးစား၍ ဇွဲမလျှော့ဘဲ ထပ်ခါထပ်ခါဖတ်မှတ်လေ့ကျင့်ရပေမည်။ မိမိကိုယ်တိုင် လုံ့လစိုက်ထုတ်၍ အားလပ်ချိန်တိုင်းတွင် လေ့လာမှတ်သားကြရမည်။ ထိုသို့ အချိန်ကို စနစ်တကျအသုံးချပြီး ဝီရိယထားပါလျှင် ဉာဏ်ထက်မြက်၍ ပညာဟူသောအရာကို အမြဲသင်ယူချင်စိတ်ဖြစ်ပေါ်လာပေလိမ့်မည်။ ထို့ကြောင့် "ပညာတန်ဆောင်"ထွန်းလင်းပြောင်လိုလျှင် "ဝီရိယ"ကို ရွှေဂူချောင်ကဲ့သို့ စွဲကိုင်သတ်မှတ်၍ တန်ဖိုးရှိစွာကြိုးစားကြရပေမည်။

**ပညာသည်သာ အခရာ**

လူ့လောကအလယ်တွင် လူ့ဘဝတစ်ခုကို အကောင်းဆုံးရပ်တည်ကျင်လည်ရန်အတွက် ပညာသည် မရှိမဖြစ်လိုအပ်သည်။ "ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို၊ စွဲသုံးသောထွေ၊ မှန်လှစေ"ဟူသော ရှင်မဟာရဋ္ဌသာရဆုံးမစာ၏ အနှစ်သာရသည် ပညာကသာလျှင် လူ့ဘဝအတွက် အမှန်ကန်ဆုံးနေထိုင်နည်းဖြင့် ရပ်တည်နိုင်ရန် လမ်းပြပေးနိုင်ကြောင်း ရည်ညွှန်းထားပေသည်။ ပညာတတ်မြောက်မှုမရှိလျှင် မိမိဆောင်ရွက်သောအရာများကို အမှားအမှန်ဝေဖန်နိုင်ရန် ဝေဝါးနေပေလိမ့်မည်။ သူတစ်ပါး၏စေညွှန်ရာအတိုင်း လိုက်ပါဆောင်ရွက်လျက် သူတစ်ပါး၏အစေအပါးပမာ နှိမ့်ချနေရပေလိမ့်မည်။ လူ့ဘဝ၏အလင်းရောင်ဟူသမျှ ထွန်းပနိုင်ရန်အတွက် ပညာသည်သာ အဓိကသင်ယူထားကြရမည်ဖြစ်သည်။

ယနေ့ခေတ်သည် ဝိဇ္ဇာပညာရပ်များ၊ သိပ္ပံပညာရပ်များ ပိုမိုထွန်းကားလာနေပြီဖြစ်သည်။ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်နှစ်မျိုးစလုံးကို ခေတ်မီ IT နည်းပညာများဖြင့် ချိတ်ဆက်ဆောင်ရွက်နေကြပြီဖြစ်သည်။ အရာရာတိုင်းသည် ပညာပေါ်တွင်အခြေခံ၍ ပြုပြင်ပြောင်းလဲတိုးတက်လာနေခြင်းဖြစ်ပေသည်။ ထိုသို့ ခေတ်မီတိုးတက်လာသည်နှင့်အမျှ ပညာမတတ်မြောက်သူတို့သည် ခေတ်နှင့်ကင်းကွာသလို လူထုနှင့်လည်း ကင်းကွာလာပေလိမ့်မည်။ "မျက်မမြင်အကန်းအသွင်"ဖြင့် အရာရာတွင် နှုတ်ဆိတ်နေရပေလိမ့်မည်။ ခေတ်မီတိုးတက်လာခြင်းသည် ပညာဖြင့်ပြောင်းလဲလာခြင်းဖြစ်သောကြောင့် အနာဂတ်ကာလသည် "ပညာခေတ်"ပင်ဖြစ်လာပေမည်။ ပညာခေတ်တွင် ပညာမတတ်မြောက်လျှင် အဘယ်သို့ လူရာဝင်ပါတော့မည်နည်း။ လူ့ဘဝတွင် "ပညာသည်သာအခရာ"ဖြစ်သည်ကို လူသားတိုင်းသိရှိနားလည်ရန်လိုအပ်ပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံသားတိုင်း စာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းအပ်နှံရေးလုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ပေးလျက်ရှိပေသည်။ ကျောင်းအပ်နှံစရိတ်၊ စာအုပ်အသုံးအဆောင်များ အခမဲ့စနစ်ဖြင့်လည်း အရွယ်ရောက်သောကလေးတိုင်း ကျောင်းမနေရ မရှိရအောင် ကင်းလွတ်ခွင့်ဖြင့်လည်း ဆောင်ရွက်ပေးလျက်ရှိနေပေသည်။ ပညာခေတ်တွင် လူသားတိုင်း စာတတ်မြောက်ရန် အရေးကြီးပါသည်။ ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်ရန်အတွက် လူသားတိုင်းစာတတ်မြောက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် လူသားတိုင်း "ပညာသည်သာအခရာ"ဖြစ်သည်ကို နားလည်သဘောပေါက်ပြီး ကြိုးစားသင်ယူကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

– **ရှင်မဟာရဋ္ဌသာရဆုံးမစာ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပေါင်းလောင်းရေလွှဲဆည်မှ အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို ပုဂ္ဂလိက ရင်းနှီးလုပ်ကိုင်မှုဖြင့် ဆောင်ရွက်သွားမည်



**နေပြည်တော် နိုဝင်ဘာ ၁၃**

ပေါင်းလောင်းရေလွှဲဆည်မှ အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို ပုဂ္ဂလိက ရင်းနှီးလုပ်ကိုင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနသည် နေပြည်တော်ရှိ ပေါင်းလောင်းရေလွှဲဆည်တွင် Hydromatrix၊ Straflo-matrix၊ Stream၊ Driver၊ Tubular စသည့်စနစ်များဖြင့် အသေးစား ရေအားလျှပ်စစ်ထုတ်လုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အသေးစားရေအားလျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပေါင်းလောင်းရေလွှဲဆည်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အသေးစားရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာပြုစုခြင်းအပါအဝင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းကုမ္ပဏီများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်လိုသည့် ပြည်တွင်းမှတိုင်းရင်းသားလုပ်ငန်း ကုမ္ပဏီများအနေဖြင့် တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးအမှတ်(၂၇)၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန သုံးထပ်ဆောင်ရုံးသစ် နေပြည်တော်တွင် ရုံးချိန်အတွင်း တင်သွင်းနိုင်ကြောင်း သိရသည်။

တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို နိုဝင်ဘာ ၁၄ ရက်မှ ၂၉ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုသည်များကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ရုံးအမှတ်(၂၇) နေပြည်တော် ဖုန်း ၀၆၇-၈၁၀၄၁၈၄၊ ၀၆၇-၈၁၀၄၂၉၈ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

SKL

## ဇီးကုန်းမြို့နယ် ကံကလေးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်မှု ကွင်းဆင်းစစ်ဆေး

**ဇီးကုန်း နိုဝင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကံကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဒေါ်ပန်းစပယ်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကံကလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး သတ်မှတ်ရက်အတွင်း စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ကံကလေးကျေးရွာ၌ အရှည်ပေ ၁၆၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ် ၃၁ ဒသမ ၂ သန်းဖြင့် Mingalar Shwe Thoon ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကံကလေးကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေဧက ၃၅၀ အကျိုးပြုမည်ဖြစ်ကြောင်း ဇီးကုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နိုင်နိုင်ဝင်း ထံမှ သိရသည်။

ကိုမြင့်

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ် ၆ လထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ (လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၂၆-၉-၂၀၂၂** ရက်နေ့မှစတင်၍ **၂၂-၁၂-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၂၉ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက် သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ ဆက်လက်တိုးမြှင့်ပေးရေးအတွက် ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့် အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှ လျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး

## သဘာဝအရသာစစ်စစ်ဖြင့် အရသာထူး စိတ်ရွှင်ကြည်နူး ...

သဘာဝလက်ဖက်အချိုခြောက်စစ်စစ်ကို အသုံးပြုထားကြောင်း အာမခံပါသည်။



# ရွှေဖီဦး

ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။




FDA ထောက်ခံချက်အမှတ် -၈၄ / ၁၄၀၉၁ / ထလ

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း။ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေးလမ်းဟောင်း။ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

---

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်
ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....
**CNC 3D** ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။







ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉၆၉၁၂၃၁၆၃၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

---

## Spa Concepts-Mandalay (health spa) မှ
## အများသိစေရန် ကြေညာခြင်း

Spa Concepts-Mandalay(health spa) ဆိုင်သည် အောက်ပါပညာသင်(၄)ဦးအား Spa ပညာရပ်များကို Thai ဆရာမ အားငှားပြီး သေချာသင်ပေးခဲ့ပါသည်။ ပညာသင်ကြား တတ်မြောက်ပြီး Spa Concepts တွင် တစ်နှစ်အလုပ်လုပ်ပေးရမည်ဟု နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုထားပါသည်။

၁။ **မအိအိနိုင်** **(၉/မခန(နိုင်)၂၃၁၅၆၉)**
၂။ **မယမင်းနေခြည်ဦး** **(၅/စတန(နိုင်)၀၃၂၈၆၉)**
၃။ **မနန်းယမုံ** **(၁၂/ရပတ(နိုင်)၁၂၁၄၅၅)**
၄။ **မလှိုင်မိုးအေး** **(၆/မမန(နိုင်)၂၂၇၇၅၀)** တို့သည် Spa ပညာရပ်များအား ပညာသင်ကြားပြီး Spa Concepts တွင် တစ်နှစ်အလုပ်လုပ်ပေးမည်ဟုချုပ်ဆိုထားသော သဘောတူစာချုပ်အား လိုက်နာခြင်းမရှိခဲ့ပါ။

ထို(၄)ဦးမှာ ဆိုင်မှသင်ပေးသော ပညာရပ်များ တတ်မြောက်ပြီးကာမှ ဆိုင်အား လေးစားမှုမရှိ အကျိုးအကြောင်းမသိရဘဲ ကိုယ့်သဘောအတိုင်း ဆိုင်လူကြီးများမသိခင် ခိုးထွက်သွားပါသည်။ ထို့ကြောင့် ၎င်းတို့(၄)ဦးအား အကျိုးအကြောင်းမသိဘဲ လက်ခံအလုပ်လုပ်စေသော မည်သည့်ဆိုင်မဆို Spa Concepts(Mandalay) မှ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**Spa Concepts(Mandalay)**

---

## *Long Style Beauty Saloon*

**ဈေးဆိုး** → *(30%) off*

**ဝန်ထမ်းအလိုရှိသည်**

- **ခေါင်းလျှော်ကျွမ်းကျင်** (၅)ဦး
- **အလုပ်သင်** (၅)ဦး
- **ဆံပင်ညှပ်ဆရာ** (၃)ဦး
  (ယောကျ်ားလေးညှပ်ကျွမ်းကျင်)
- **ဖုန်း/ 09-2053849**

၃၇ လမ်း၊ ၇၅ × ၇၆ ကြား။

---

ရှိုးရှိုးမီးလုံး၊
မီးချောင်းများ အစား
ဓာတ်အား
သက်သာစေသည့်
**Energy**
**Saving**
**Lamps**
များကို
အသုံးပြု
သင့်ပါသည်

---

**ပျောက်ဆုံးကြောင်း**
ကြံခင်းမြို့နယ်နေ အာကာဖြိုး (ဘ) ဦးမြင့်ဝေ (၁၄/ကခန(နိုင်)၁၁၉၃၁၇) ၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ) မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၄၅၁၀၂၇၄

---

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

---

"အဂတိပယ်ခွာ ပြည်သာယာ"
**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၉၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်အစိုးရက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် တောင်သူလယ်သမားများအနေဖြင့်လည်း "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်"ဆိုသည့် စကားရပ်နှင့်အညီ လယ်ယာကဏ္ဍနှင့် တောင်သူတို့၏လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ကျင်းပပြုလုပ်သော ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍနှင့်တောင်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# ၂၀၂၁-၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ ဖလား တပ်မတော်( ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် "က"အဆင့်ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားပုံများကို တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၁ - ၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် "က"အဆင့်ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲယှဉ်ပြိုင်ကစားပုံများကို နိုဝင်ဘာ ၁၄ ရက် **(ယနေ့)** ညနေ ၃ နာရီ ၁၅ မိနစ်တွင် MRTV HD Channel၊ MWD HD Channel၊ MWD Variety HD Channel နှင့် MWD Education, Knowledge & Sports HD Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၃၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၁၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုတစ်ပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ **စာမျက်နှာ ၁၈ ကော်လံ ၄** ■

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် ပြပွဲများသို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Vitaly Saveliev ၏ ဖိတ်ကြားချက်အရ နိုဝင်ဘာ ၁၄ ရက်မှ ၁၉ ရက်ထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပပြုလုပ်မည့် (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် **Transport Week, 2022** ပြပွဲသို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ခရီးစဉ်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257